ရောင်းမှု

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 29 September 2022 ၁၀၈၇၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) အစည်းအဝေးခန်းမ၌ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်က ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

ချစ်ကြည်ရင်းနှီးမှုမှသည် ဖွံ့ဖြိုးတိုးတက်မှုသို့ဦးတည် .....
ဆောင်းပါး
စာမျက်နှာ » ၆

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများ လက်ခံခြင်းအစီအစဉ် ရက်တိုးမြှင့်သတ်မှတ်ခြင်း
စာမျက်နှာ » ၇

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်လှစ်
စာမျက်နှာ » ၈

ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



စာမျက်နှာ » ၂၀

ကြေးမုံ

ခရီးသွားလုပ်ငန်းဦးမော့လာရေးကြိုးပမ်း

မြန်မာနိုင်ငံသည်ရေမြေသဘာဝ မတူကွဲပြားသည့်အလှအပများနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသည့်နိုင်ငံဖြစ်၍ ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေ စသည့်တစ်မူထူးခြားသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများနှင့် လူနေမှုဘဝပုံစံများ စသည်တို့သည် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်သည့် အရင်းအမြစ်များဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများသည် ခရီးသွားလုပ်ငန်းမှ အကျိုးများစွာဖြစ်ထွန်းသည်ကို သိရှိကြသဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အားစိုက်လုပ်ကိုင်ကြသည်။ သို့သော်ပြီးခဲ့သည့်နှစ်များမှစတင်၍ ဖြစ်ပေါ်လာသည့် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့သည်။ ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေသည့် အများပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ များစွာထိခိုက်ဆုံးရှုံးစေခဲ့သည်။ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါသည် အရှင်းမပျောက်သေးသော်လည်း ရောဂါထိန်းချုပ်ရေးကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်လာနိုင်ပြီဖြစ်၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။

ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာစေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးကုစားမှုစီမံကိန်းအရ နိုင်ငံတော်ဘဏ္ဍာငွေ၏ သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိသုံးစွဲရန် သတ်မှတ်လျာထားခဲ့သည်။ ယနေ့အထိ ခရီးသွားလုပ်ငန်း ကုမ္ပဏီ ၂၄၄ ခု၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၃၃၉ ခုတို့ကို ငွေကျပ် ၂၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံပိုင် ငှားရမ်းဟိုတယ်များအတွက် ငှားရမ်းခများကို ခြောက်လရှေ့ဆိုင်းပေးခဲ့သည့်အပြင် ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ၂၁ လကို ငှားရမ်းခ ၅၀ ရာခိုင်နှုန်းလျှော့ချပေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏ လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်စာကင်းလွတ်ခွင့်ပြုခြင်းများ ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါတွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင်လုပ်ကိုင်နေကြပြီဖြစ်သည်။ ကမ္ဘာအနှံ့တွင် ယခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသည် သန်း ၂၅၀ ကျော်လည်ပတ်ခဲ့ကြသည်။ ယမန်နှစ်က အလားတူကာလတွင် လည်ပတ်သူ ၇၇ သန်းရှိခဲ့သည့်အတွက် ယခုနှစ်တွင် ခရီးသွားဧည့်သည် ၁၇၃ သန်း ပိုမိုလည်ပတ်ခဲ့ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရသိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုလျော့နည်းလာသဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဖြစ်ထွန်းလာသည်။ ထို့အပြင် ယခုနှစ် ဧပြီလ ၁၇ ရက်နေ့မှစတင်၍ နိုင်ငံတကာလေကြောင်းလိုင်းများကို ပြန်လည်ခွင့်ပြုပေးခဲ့ရာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်သည့် အလားအလာကောင်းများဖြစ်ပေါ်လာသည်။

ကမ္ဘာလှည့် အီးဗီဇာကို ယခုနှစ် မေလ ၂၀ ရက်နေ့မှစ၍ ခွင့်ပြုပေးခဲ့ပြီး ပြည်တွင်း/ ပြည်ပခရီးသွားလုပ်ငန်းများ တစ်စတစ်စဖွံ့ဖြိုးလာသည်ကို တွေ့မြင်ရသည်။ မကြာမီတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်၍ မြန်မာနိုင်ငံအတွင်း ပြည်တွင်း/ ပြည်ပခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာရန် မျှော်မှန်းပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ပြည်ပဧည့်သည်များသာမက ပြည်တွင်းနိုင်ငံသားခရီးသွားများပါ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ခရီးသွားလာလည်ပတ်နိုင်ရန်အတွက် အဘက်ဘက်တွင် စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။ ပြည်တွင်း၌ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပါက မြို့ပြနှင့်ကျေးလက်ဒေသများမှ ခရီးသွားလုပ်ငန်းများနှင့် ဆက်နွယ်သည့်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာပြီး လူမှုစီးပွားဘဝ အဆင်ပြေလာမည်ဖြစ်သည်။

သို့ဖြစ်ရာ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့" ဟူသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ပါအတိုင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့ပြီး ရေရှည်တည်တံ့၍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSONS

" သက်ကြီးအမျိုးသမီးများရဲ့စွမ်းပကား ဒို့များအလေးထား"

" The Resilience and Contributions of Older Women"

၁.၁၀.၂၀၂၂ နေပြည်တော်

နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လဟယ်မြို့နယ် ခေတ္တနာဂဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးလှဝင်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ သာသနာ့ပါလဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများ သို့လည်း ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈- ၉ -၂၀၂၂)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၅၀၀	၉,၆၀၀	၂၇၁	၂,၅၈၃,၅၀၀
MTSH	၃,၅၅၀	၃,၅၅၀	၇,၀၈၅	၂၅,၀၅၁,၇၅၀
MCB	၇,၈၀၀	၇,၈၀၀	၁၀	၇၈,၀၀၀
FPB	၂၀,၅၀၀	၂၀,၅၀၀	၅	၁၀၂,၅၀၀
TMH	၂,၈၀၀	၂,၇၅၀	၁၉၅	၅၃၆,၅၀၀
EFR	၂,၇၅၀	၂,၇၅၀	၂၀၅	၅၅၈,၇၅၀
AMATA	၅,၅၀၀	၅,၃၀၀	၁,၃၀၂	၆,၉၀၂,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၀၀၃.၄
(ဂ) တရုတ်	တစ်ယွမ်	=	၂၈၉.၆၇
(ဃ) ထိုင်း	တစ်ဘတ်	=	၅၄.၆၅
(c) မလေးရှား	တစ်ရင်းဂစ်	=	၄၅၃.၆၁
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၆၂၉
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၃၃၆.၉
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၄၄၉.၃
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၅၀.၅
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၄၅.၃၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြင့၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကုန်ထုတ်လုပ်မှုကိုအခြေခံသည့် စက်မှုဇုန်တစ်ခုဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ညိုနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာစက်မှုဇုန်ရှိ စက်မှုဇုန်ခန်းမ၌ မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

လိုအပ်ချက်များနှင့် အခက်အခဲများအား ဆွေးနွေးတင်ပြ

ဦးစွာ မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဝါလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဦး၊ ဆီကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးကျော်မြင့်၊ ရက်ကန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းထိုက်၊ ဆန်စပါးလုပ်ငန်းရှင် ဦးအောင်ဇင်မင်းထိုက်နှင့် တက်ရောက်လာကြသူတို့က စက်မှုဇုန်တွင် အရင်းအမြစ်ကောင်းများ ပြည့်စုံမှုနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန်နည်းဥပဒေအတည်ပြုပေးရန်လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ ဝါသီးနှံကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝါစိုက်ပျိုးတောင်သူများ စေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးရန်၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိမှု၊ ဆီကောင်းဆီသန့်များရရှိအောင် ဆောင်ရွက်ရန်လိုအပ်မှု၊ နိုင်ငံတော်မှ သက်သာသောစျေးနှုန်းဖြင့် ဖြန့်ခွဲရောင်းချပေးသည့် စားသုံးဆီများကို ပြည်သူများထံ သက်သာသောစျေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်စက်လုပ်ငန်းတွင် အသုံးပြုသည့်ပစ္စည်းများ စျေးနှုန်းများမြင့်တက်မှုများကြောင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိမှု အခြေအနေများနှင့် စက်မှုဇုန်အတွင်း လိုအပ်ချက်များကို တင်ပြကြသည်။

သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့က မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် အဆင့်မီဝါမျိုးများရရှိရေးဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးပြည့်မီသည့် ဝါမျိုးစေ့များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဝါစိုက်ပျိုးတောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်မြေဩဇာများ စျေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ ဆီထုတ်လုပ်မှုတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဆီလုပ်ငန်းရှင်များအတွက် ချေးငွေများထုတ်ပေးရန် ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် သွင်းအားစုများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အစုအဖွဲ့များဖြင့် မွေးမြူမည်ဆိုပါက မတည်ရင်းနှီးပေးမည့် အခြေအနေများ၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အင်ယေစား၊ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်း (MSME)များအတွက်လည်း ဆောင်ရွက်ပေး၍ရသည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စက်မှုဇုန်ဥပဒေနှင့်ပတ်သက်၍ နည်းဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီး အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းသည် လက်မှုလုပ်ငန်းမှ ပြောင်းလဲသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်မှု၊ အများပြည်သူများ ထိခိုက်မှုမရှိစေရန်စီမံဆောင်ရွက်နေမှု၊ စက်မှုဇုန်များမှ စွန့်ပစ်ပစ္စည်းများ စနစ်တကျရှိစေရေးအတွက် လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာများကို ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာစက်မှုဇုန်သို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး စက်မှုနှင့်ပတ်သက်ပါက စက်မှုရပ်ကွက်နှင့် စက်မှုဇုန်ဟူ၍ရှိကြောင်း၊ စက်မှုရပ်ကွက်သည် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နေရာ၌ပင် လူများနေထိုင်နိုင်ရေး ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး စက်မှုဇုန်သည် လူနေထိုင်ရန်မဟုတ်ဘဲ စက်မှုလုပ်ငန်းများ သီးသန့် ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ထားပေးခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်များအနေဖြင့် လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရန်လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိမိမိတို့နိုင်ငံ၏ စီးပွားရေးတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် အဓိကအရေးပါသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာတွင်လည်း MSME လုပ်ငန်းများသည် အဓိကအရေးပါသည့်နေရာ၌ ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်ယူခဲ့ရသည့်အချိန်တွင် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပဋ္ဌိပဂ္ဂများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း။

ပြည်တွင်းချည်မျှင်နှင့် အထည်အလိပ်လိုအပ်ချက်ကို ပြည်တွင်းမှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်

လက်ရှိအချိန်တွင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ကိုဗစ် -၁၉ ရောဂါကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သောကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် (MSME) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ငွေများလွှဲအပ်ပေးခဲ့ကြောင်း၊ ကျန်ရှိသည့် ရန်ပုံငွေများမှလည်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများအတွက် မတည်ငွေများလွှဲအပ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအတွက်လည်း မတည်ငွေများ ထုတ်ပေးသွားရန် စီမံလျက်ရှိကြောင်း၊ ဝါစိုက်ပျိုးရန်အတွက် စိုက်ဇေကများ အသစ်ထပ်မံတိုးချဲ့ခြင်းထက် ဝါစိုက်ပျိုးရန်မြေများတွင် အကြောင်းအမျိုးမျိုးဖြင့် အခြားသီးနှံများ စိုက်ပျိုးနေသည့်မြေများပေါ်တွင်သာ တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ ယခင်က ဝါစိုက်ပျိုးခဲ့သော်လည်း ဝါစိုက်ပျိုးမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခြင်းကြောင့် နိုင်ငံအတွက် လိုအပ်သည့် ဝါထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားသုံးစွဲငွေများ ပိုမိုကုန်ကျကြောင်း၊ အဝတ်အထည်သည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပြီး လူတစ်ဦးအနေဖြင့် မွေးစမှ သေဆုံးသည့်အချိန်အထိ အဝတ်အထည်များလိုအပ်ကြောင်း၊ ပြည်တွင်း၌ လိုအပ်သည့်အထည်များကို ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံများမှလည်း ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ ထုတ်လုပ်ပေးလျက်ရှိကြောင်း။ **စာမျက်နှာ ၄ သို့** ❖

- **နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် (MSME) လုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခဲ့**
- **နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ငွေများလွှဲအပ်ပေးခဲ့**
- **ကျန်ရှိသည့်ရန်ပုံငွေများမှလည်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများအတွက် မတည်ငွေများလွှဲအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

❖ စာမျက်နှာ ၃ မှ

မျိုး၊ မြေ၊ ရေ၊ နည်း

ဝါစိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်များ သွင်းအားစုများဖြစ်သည့် မြေဩဇာများနှင့် သဘာဝ မြေဩဇာများလည်း လိုအပ်ကြောင်း၊ စိုက်ပျိုးမြေ များကိုလည်း စနစ်တကျပြုပြင်၍ စိုက်ပျိုးရန်လိုပြီး စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကကွက်များဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ သို့မှသာ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမြေဩ များ များစွာရှိကြောင်း၊ မိတ္ထီလာခရိုင်အတွင်း မွေးမြူရေး လုပ်ငန်းများ ဖြစ်ထွန်းလျက်ရှိပြီး နွားအကောင်ရေ အနေဖြင့် လေးသိန်းကျော်ရှိသည်ဟု သိရှိရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက် မည်ဆိုပါက ဧီဝမြေဩများရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝမြေဩများသည် စိုက်ပျိုးရေး လုပ်ငန်းများအတွက် များစွာ အထောက်အကူဖြစ်စေ ကြောင်း၊ အီးအမ်ဘိုကာရီအပြင် ပိုက်ဆံလျှော်များ စိုက်ပျိုး၍လည်း သဘာဝမြေဩအဖြစ် အသုံးပြု၍ရကြောင်း၊ ဓာတ်မြေဩများရရှိရေးအတွက်လည်း နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တောင်သူများအနေဖြင့်လည်း မွေးမြူရေးလုပ်ငန်း များမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို အသုံး ပြု၍ သဘာဝမြေဩ Bio Fertilizer များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုး ရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေးနှင့် အောင်ရေ သည်လည်း လိုအပ်ကြောင်း၊ ရေရရှိရေးအတွက် နိုင်ငံတော်မှ တတ်နိုင်သမျှကြိုးပမ်း ဆောင်ရွက်လျက် ရှိပြီး ရေကို အကျိုးမဲ့အသုံးပြုခြင်း မဖြစ်စေလိုဘဲ အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ ထို့ပြင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နည်းစနစ် တကျ မွေးမြူဆောင်ရွက်မှသာလျှင် လုပ်ငန်း အောင်မြင်နိုင်မည်ဖြစ်ပြီး စနစ်တကျ ဆောင်ရွက် ခြင်းဖြင့် ကုန်ကြမ်းပစ္စည်းများလည်း လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း။

ဝါနှင့် အခြားဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ခြင်းဖြင့် ဒေသတွင်း စက်မှုလုပ်ငန်းများလည်း တိုးတက်လာမည်

မန္တလေး တိုင်းဒေသကြီးအတွင်း ဝါစိုက်ဧက ပေါင်း ၃၆၀၀၀ ကျော်ရှိပြီး ချည်မျှင် ရှည်ဝါနှင့် ချည်မျှင်တိုဝါများကို စိုက်ပျိုးကြကြောင်း၊ မည်သည့် ဝါကိုစိုက်ပျိုးသည်ဖြစ်စေ ဝါအထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်း ကောင်းမွန်ရန်အတွက် မျိုးကောင်း မျိုးသန့်ဖြစ်ရန်၊ သွင်းအားစုများလုံလောက်စွာရရှိ ရန်နှင့် စိုက်နည်းစနစ်များမှန်ကန်ရန်လိုကြောင်း၊ ဝါအထွက်နှုန်းများတိုးတက်လာမည်ဆိုပါက ဝါနှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများ တိုးတက်လာမည် ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း ဝါအထွက်နှုန်း တိုးတက်ရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ အခြားဆီထွက်သီးနှံများကို စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်ကောင်းမွန် လာမည်ဆိုပါက စီးပွားရေးလည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်နိုင်ရေး အတွက် မိတ္ထီလာခရိုင်အနေဖြင့် ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း၊ ဒေသတွင်းစက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆန်၊စပါး လုပ်ငန်း၊ ဆီထွက်သီးနှံ ကို အခြေခံသည့် စက်မှုလုပ်ငန်း၊ ပဲ ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စက်မှုဇုန် တစ်ခုဖြစ်စေရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံရေးအနေဖြင့် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခြင်းဖြစ်သဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံတော်မှ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အနေဖြင့် လိုအပ်ချက်များအရသာ အချို့သော စီးပွားရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ချေးငွေများကို သက်သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေး လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ် စား စက်မှုလုပ်ငန်း (MSME) များသည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သဖြင့် လိုအပ်သည့် ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း။

မိတ္ထီလာခရိုင်သည် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေး လုပ်ငန်းများကို ဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်း ဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှု လုပ်ငန်း (MSME)များအတွက် လိုအပ်သည့် ကုန်ကြမ်း ပစ္စည်းများကို ရရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများ သို့တင်ပို့၍ရကြောင်း၊ စက်မှုလုပ်ငန်းများကိုဆောင်ရွက် ရာတွင် လျှပ်စစ်ဓာတ်အားလိုအပ်မှုနှင့်ပတ်သက်၍ မိတ္ထီလာဒေသတွင် သပြေဝ နေရောင်ခြည်စွမ်းအင် သုံးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းရှိကြောင်း၊ ပြန်လည် ပြည်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်း အင်အသုံးပြုခြင်းဖြစ်သဖြင့် အကျိုးဖြစ်ထွန်းကြောင်း၊ မိတ္ထီလာစက်မှုဇုန်အတွက် လိုအပ်သည့် လျှပ်စစ် ဓာတ်အားများရရှိစေရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်မှလည်း လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၅ သို့ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာစက်မှုဇုန်မှ ထုတ်လုပ်ထားသည့် ဆီထွက်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

- **နိုင်ငံတော်အနေဖြင့် လိုအပ်ချက်များအရသာ အချို့သော စီးပွားရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်**
- **ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်မှ ချေးငွေများကို သက်သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေးလျက်ရှိ**
- **အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME) များသည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သဖြင့် လိုအပ်သည့် ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွားမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)မှ ထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများအား ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စက်ရုံ အစည်းအဝေးခန်းမ၌ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်က ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံမှ ချည်အမျိုးမျိုး ထုတ်လုပ်နိုင်မှုအခြေအနေများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှု၊ ၂/၈၀ ချည်များအား ပြည်တွင်း၌ ထွက်ရှိသည့် ဝါများဖြင့် ထုတ်လုပ်နိုင်ရေး စမ်းသပ်ဆောင်ရွက်လျက် ရှိမှုနှင့် စက်စမ်းသပ်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း၌ ထွက်ရှိသည့် ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့် ပိတ်များ ထုတ်လုပ်နိုင်မည့် အခြေအနေများ၊ ၂/၈၀ ချည်များအား စက်ရုံမှ ထုတ်လုပ်နိုင်သည့်အချိန်တွင် ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ စက်ရုံ၌ လက်ရှိတပ်ဆင်အသုံးပြုလျက်ရှိသည့် စက်များအား အရည်အသွေးမြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား အသေးစိတ်မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြထားသော စက်ရုံမှ ထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများအား ကြည့်ရှုစစ်ဆေးကာ စက်ရုံ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာစက်မှုဇုန်မှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၄ မှ

စက်မှုဇုန်အတွင်း ရေဆိုးမြောင်းများ စနစ်တကျ ရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စက်မှုဇုန်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မိမိတို့နေရာအလိုက် ရေမြောင်းများ စနစ်တကျ ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ စက်မှုလုပ်ငန်းမှ ထွက်ရှိလာသည့် ပစ္စည်းများအားလုံးသည် မိမိတို့အတွက် အကျိုးရှိသည့် စက်မှုထွက်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ချည်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အရည်အသွေးကောင်းမွန်သည့် ဝါများရရှိရန်နှင့် ရက်ကန်းစက်များ ကောင်းမွန်ရန်လိုကြောင်း၊ စက်မှုထွက်ကုန် ဝါကုန်ကြမ်းများကိုအသုံးပြု၍ ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME) များကို အားပေးကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားပြီး ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ စက်မှုဇုန်လုပ်ငန်းသည် မိမိဒေသတစ်ခုအတွက်သာ ကွက်၍ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကုန်ထုတ်လုပ်မှုကို အခြေခံ၍ နိုင်ငံ့စီးပွားရေးအထိ အမြင်ကျယ်ကျယ်ဖြင့် ရည်မှန်းဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စက်မှုဇုန်တစ်ခုဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး စက်မှုဇုန်မှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများ၊ ဆီထွက်ပစ္စည်းများနှင့် အခြားထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်အတွင်းလှည့်လည်၍ သိန်းကမ္ဘာကျော် ကုလားပဲခွဲစက်နှင့် စက်မှုလက်မှုလုပ်ငန်းသို့ရောက်ရှိရာ လုပ်ငန်းရှင် ဦးမောင်မောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ချစ်ကြည်ရင်းနှီးမှုမှသည် ဖွံ့ဖြိုးတိုးတက်မှုသို့ဦးတည် .....

မောင်ငြိမ်းအေး

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum 2022) တက်ရောက်ဖို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို သွားရောက်ခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့တဲ့ သတင်းတွေ၊ ပြန်လည်သုံးသပ်တင်ပြကြတာတွေကို မီဒီယာမျက်နှာစာအမျိုးမျိုးမှာ တွေ့ရပါတယ်။ အလားတူ နိုင်ငံတကာသတင်းတွေမှာလည်း အထူးတလည် တင်ပြကြတာကို မြင်တွေ့ခဲ့ရပါတယ်။ ဒါဟာ ရုရှား- မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်ဖြစ်ထွန်းလာတာကို ထုတ်ဖော်ပြသခဲ့တဲ့ သမိုင်းမှတ်တမ်းတွေဖြစ်ပါတယ်။ နှစ်နိုင်ငံအတွက် ကောင်းကျိုးဖြစ်ထွန်းမှုတွေဖြစ်လို့ မင်္ဂလာရှိတဲ့သတင်းကောင်းတွေဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ရလဒ်တွေပေါ်လာအောင်ကြိုးပမ်း

ယခုအခါမှာ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို စောင့်ကြည့်လေ့လာနေကြတဲ့သူတွေ ရှိသလို တိုင်းပြည်အတွက် သတင်းကောင်းတွေ ဖြစ်လို့ ပြည်သူတွေ ဝမ်းမြောက်ကြမှာဖြစ်ပါတယ်။ ဆန့်ကျင်ဘက်တွေ၊ အကောင်းမမြင်သူတွေ၊ ဘေးထိုင်ဘုပြောပြီး ကန့်လန့်တိုက်နေသူတွေ ကတော့ ထုံးစံအတိုင်းပဲ ပြောဆိုဝေဖန်နေကြမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ကတော့ ရှုပ်ထွေးလှတဲ့ နိုင်ငံရေးထက် စားဝတ်နေရေး ပြေလည်ပြီး လူမှုဘဝတိုးတက်မှုတွေကို မျှော်လင့်ကြမှာ သေချာပါတယ်။ မြန်မာနဲ့ရုရှားနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေကတော့ အပြောင်းအလဲကို အခွင့်အလမ်းအဖြစ်နဲ့ ပြင်ဆင်နေကြမှာဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေက ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုတိုးတက်လာဖို့နဲ့ စီးပွားရေးမျက်နှာစာမှာ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ၊ အခွင့်အလမ်းတွေ ပေါ်လာအောင် အစွမ်းကုန်ကြိုးပမ်းနေကြပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က "လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်မြောက်မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း" ပြောကြားခဲ့ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်သမ္မတကြီး ပြောကြားခဲ့သကဲ့သို့ပင် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ၇၅ နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်း တစ်လျှောက်တွင် အနိမ့်အမြင့်မျိုးစုံရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုမှစတင်ကာ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်တွင် ရုရှားနိုင်ငံအနေဖြင့် အကျပ်အတည်းများဖြင့် ရင်ဆိုင်ခဲ့ရသည်ဖြစ်သော်လည်း အဆွေတော်သမ္မတကြီး တာဝန်ယူသည့် ဆယ်စုနှစ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အလွန်တိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိလာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘာ့အရေးကိစ္စမှန်သမျှကို သမာသမတ်ကျစွာဖြင့် ဆောင်ရွက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် တွေ့မြင်ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါတယ်။

မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ သံတမန်အဆက်အသွယ် ပြုလုပ်ခဲ့တာကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ကို မဝင်ရောက်မီကပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ သံတမန်ဆက်ဆံရေးရှိခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးဟာ ယနေ့ထက်တိုင် ခိုင်မြဲလျက်ရှိပါတယ်။ မြန်မာနဲ့ ရုရှားနိုင်ငံတို့ရဲ့ ဆက်ဆံရေးဟာ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ် ဆက်ဆံရေးဖြစ်တဲ့အတွက် ကာလရှည်ကြာခိုင်မြဲနေတာဖြစ်ပါတယ်။

မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ဆိုတာဟာ တစ်ဦးကောင်းကျိုးကို တစ်ဦးက သယ်ပိုးလိုစိတ်ရှိနေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ချိန်မှာ ရုရှားနိုင်ငံနဲ့သာမက အခြားနိုင်ငံကြီးတွေနဲ့လည်း ဆက်ဆံရေးတွေရှိခဲ့ပါတယ်။ တစ်ဦးနဲ့တစ်ဦး ကြာရှည်ပေါင်းသင်းဆက်ဆံတဲ့အခါမှာ ဘယ်သူဟာ မိတ်ဆွေစစ်၊ ဘယ်သူဟာ မိတ်ဆွေတုဆိုတာကို သိလာရပါတယ်။ အကျိုးလိုလို့ ညောင်ရေလောင်းတဲ့ မိတ်ဆွေကတော့ မိတ်ဆွေစစ်မဟုတ်တာ လူတိုင်းသိပါတယ်။

ရှေးအစဉ်အဆက် နှစ်နိုင်ငံဆက်ဆံရေးကို ဖြောင့်တန်းစွာထူထောင်လာခဲ့တဲ့ ရုရှားနိုင်ငံဟာ ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားပြီးနောက် ဆက်ဆံရေးတုံ့ဆိုင်းသွားပေမယ့်လည်း မကြာမီမှာ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်စတင်နိုင်ခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲလို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖြစ်လာတဲ့အခါမှာ နိုင်ငံဟာ တဖြည်းဖြည်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာ-ရုရှားဆက်ဆံရေးဟာ ယခင်ကထက် ပိုမိုနီးကပ်လာပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့တာဝန်ယူနေတဲ့ကာလ ဆက်ဆံရေးတွေ အရှိန်အဟုန်နဲ့ တိုးတက်ကောင်းမွန်လာပါတယ်။ မျက်မှောက်ကာလ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ ဗိုလ်ကျစိုးမိုးမှုတွေနဲ့ အုပ်စုဖွဲ့အကျိုးစီးပွားရှာဖွေမှုတွေကြောင့် ကမ္ဘာ့အခြေအနေဟာ တည်ငြိမ်မှုပျက်ပြားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ နျူကလီးယားလက်နက်တွေ ပိုင်ဆိုင်ထားပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံဟာ ကမ္ဘာ့ရေးရာကိစ္စတွေမှာ တာဝန်သိသိ၊ သမာသမတ်ရှိရှိ ရပ်တည်ဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလိုနိုင်ငံကြီးတစ်နိုင်ငံနဲ့ မိတ်ဆွေညီအစ်ကို ဆက်ဆံရေးထူထောင်နိုင်တာဟာ မြန်မာနိုင်ငံအတွက် မင်္ဂလာတစ်ပါးဖြစ်သလို အကျိုးလည်းများပါတယ်။

ရလဒ်ကောင်းတွေမျှော်လင့်နေ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ သံတမန်ဆက်ဆံရေး ခိုင်မြဲစွာတိုးတက်ဆက်ဆံလာတာတွေ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးတက်ဖြစ်ထွန်းမှုတွေနဲ့ အနာဂတ်အလားအလာကောင်းတွေကို ပြည်သူတွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သိရှိဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျက်မှောက်ကာလမှာ ပြည်သူတွေဟာ ကိုဗစ်-၁၉ ရောဂါနောက်ဆက်တွဲနဲ့ နိုင်ငံရေး၊ စီးပွားရေးဂယက်ရိုက်ခတ်မှုတွေကြောင့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ရင်ဆိုင်နေရချိန်မှာ နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ထွက်လာမယ့် ရလဒ်ကောင်းတွေကို မျှော်လင့်နေကြလို့ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ *

> ** နျူကလီးယားစွမ်းအင်စီမံကိန်းဟာ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းတွေအပါအဝင် သိပ္ပံနဲ့ သုတေသနစမ်းသပ်တဲ့လုပ်ငန်းတွေ၊ ဆေးသိပ္ပံဆိုင်ရာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေ၊ စက်မှုကဏ္ဍနဲ့ ကဏ္ဍပေါင်းစုံမှာ အကျိုးရှိစွာအသုံးပြုနိုင်မယ့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုတဲ့ စီမံကိန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံအချို့မှာ နျူကလီးယားစွမ်းအင်ကိုအသုံးပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြပါပြီ။ အခုလို နျူကလီးယားစွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေမှာ အတွေ့အကြုံနဲ့ နည်းပညာတွေ လေ့လာခွင့်ရပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ ရလာမှာဖြစ်တဲ့အတွက် နိုင်ငံအနာဂတ်နဲ့ ပြည်သူတွေရဲ့မျှော်လင့်ချက်ဖြစ်**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများ လက်ခံခြင်းအစီအစဉ် ရက်တိုးမြှင့်သတ်မှတ်ခြင်း

ရက်စွဲ- ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်

ဝေးလံဒေသများရှိကျောင်းသား ကျောင်းသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် အချိန်မီ တက္ကသိုလ်ဝင် စာမေးပွဲလျှောက်လွှာ မတင်သွင်းနိုင်သေးသော ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရန်အတွက် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ လျှောက်လွှာလက်ခံခြင်းကို အောက်တိုဘာလ(၃၁)ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်လိုက်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

(၂၀၂၂)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူများအနက် (၃၀-၉-၂၀၂၂)ရက်နေ့တွင် သားဖွားသင်တန်းကျောင်း၊ နေပြည်တော်၌ပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်ကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website, ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website, ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website, လျှောက်လွှာလက်ခံသော တက္ကသိုလ်(၂၆)ခုတို့တွင် ကြေညာထားပြီး ဖြစ်ပါ၍ ကြေညာချက်ပါအချက်အလက်များကို သေချာစွာဖတ်ရှုပြီး ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ လာရောက်ဖြေဆိုရန် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၂၈-၉-၂၀၂၂)

*** စာမျက်နှာ ၆ မှ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့တာဝန်ယူနေတဲ့ကာလမှာ နိုင်ငံတကာဆက်ဆံရေးနဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာကြပါပြီ။ ရုရှား-မြန်မာ ဆက်ဆံရေးဟာ ထူးခြားမှုအရှိဆုံးဖြစ်ပါတယ်။ ရုရှား-မြန်မာ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ပြည်သူတွေကြားမှာ ထူးခြားထင်ရှားအသိအမှတ်ပြုခဲ့ကြတဲ့ အကြောင်းအရာတွေထဲမှာ မြန်မာနိုင်ငံရဲ့ အထွတ်အမြတ်တစ်ခုဖြစ်တဲ့ ရွှေစည်းခုံစေတီတော် ကြီးနဲ့ ပုံတူစေတီတစ်ဆူကို ရုရှားနိုင်ငံ မော်စကို မြို့တော် ကလုဂါပြည်နယ် အက်နိမီယာကမ္ဘာ့ယဉ်ကျေးမှုဒေသမှာ တည်ထားကိုးကွယ်နိုင်ခြင်းဖြစ်ပါတယ်။ ဒါဟာ နှစ်နိုင်ငံ ခေါင်းဆောင်တွေ ရင်းနှီးချစ်ကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမှ ပေါ်ထွက်လာတဲ့ ဘာသာယဉ်ကျေးမှုဆက်ဆံရေးတိုးတက်မှု ပြယုဂ်တစ်ခုဖြစ်ပါတယ်။

ဝမ်းမြောက်ဂုဏ်ယူအားပေး

နောက်တစ်ခုကတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တော်မှာ ကျင်းပတဲ့ International Army Games – 2022 ပြိုင်ပွဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို နိုင်ငံပေါင်း ၃၇ နိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံအပါအဝင် နိုင်ငံ ၁၂ နိုင်ငံမှာ ပြိုင်ပွဲတွေ နှစ်စဉ်ပြုလုပ်တယ်လို့ သိရပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲ၊ Emergency Area ပြိုင်ပွဲ၊ တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။

တင့်ကားစွမ်းရည်ပြိုင်ပွဲမှာ မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်တွေဟာ နိုင်ငံ ၁၁ နိုင်ငံ အသင်း ၁၁ သင်းပါဝင်ယှဉ်ပြိုင်တဲ့ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲမှာ (အဆင့် ၁) ပထမနေရာ ဗိုလ်စွဲခဲ့တဲ့ မြင်ကွင်းကို မြန်မာနိုင်ငံမှ ပြည်သူတွေက နှစ်ထောင်းအားရဝမ်းမြောက်ဂုဏ်ယူစွာ တစ်ခဲနက် အားပေးခဲ့ကြတာကိုတွေ့ရပါတယ်။ အခြားပြိုင်ပွဲတွေမှာလည်း အဆင့် ၄ နေရာကို ရရှိခဲ့ကြလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။

နောက်တစ်ခုကတော့ ပြည်သူတွေရဲ့မျှော်လင့်ချက်လည်းဖြစ်ပြီး စိတ်ဝင်စားကြတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်တဲ့ ခရီးစဉ်မှာ မြန်မာနိုင်ငံက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နဲ့ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်းတို့အကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းကိစ္စဖြစ်ပါတယ်။

အဲဒီ နျူကလီးယားစွမ်းအင်အစီအစဉ်ဟာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ ဦးမဲ့ချမ်းစွာအသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုလမ်းစဉ်တွေ ချမှတ်ဆောင်ရွက်မယ့်အစီအစဉ်ဖြစ်ပါတယ်။ နျူကလီးယားစွမ်းအင်ဟာ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်ပြီး မြန်မာနိုင်ငံမှာ အဆိုပါစွမ်းအင်စီမံကိန်းတည်ဆောက်နိုင်ပါက ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ အဆင့်အတန်းမြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။

နိုင်ငံနဲ့ပြည်သူမျှော်လင့်ချက်

နျူကလီးယားစွမ်းအင်စီမံကိန်းဟာ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းတွေအပါအဝင် သိပ္ပံနဲ့ သုတေသနစမ်းသပ်တဲ့လုပ်ငန်းတွေ၊ ဆေးသိပ္ပံဆိုင်ရာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေ၊ စက်မှုကဏ္ဍနဲ့ ကဏ္ဍပေါင်းစုံမှာ အကျိုးရှိစွာအသုံးပြုနိုင်မယ့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုတဲ့စီမံကိန်းဖြစ်ပါတယ်။ ကမ္ဘာပေါ်က တိုးတက်တဲ့နိုင်ငံတွေမှာ နျူကလီးယားစွမ်းအင်ကို အသုံးပြုကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ကြပါတယ်။ နျူကလီးယားစွမ်းအင်နဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ဘဝတွေကို မြင့်မားတိုးတက်လာအောင် ဖန်တီးပေးနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံအချို့မှာ နျူကလီးယားစွမ်းအင်ကိုအသုံးပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြပါပြီ။ အခုလို နျူကလီးယားစွမ်းအင်နည်းပညာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေမှာ အတွေ့အကြုံနဲ့ နည်းပညာတွေလေ့လာခွင့်ရပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ ရလာမှာဖြစ်တဲ့အတွက် နိုင်ငံအနာဂတ်နဲ့ ပြည်သူတွေရဲ့မျှော်လင့်ချက်ဖြစ်ပါတယ်။

ရုရှား - မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဟာ လွတ်လပ်ရေးရပြီးကတည်းက သံတမန်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်နိုင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်ကာလမှာ နှစ်နိုင်ငံဆက်ဆံရေးဟာ ခေတ္တတုံ့ဆိုင်းသွားပေမယ့် မကြာမီ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ ၂၀၁၁ ခုနှစ်နောက်ပိုင်းကာလတွေမှာတော့ နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်လာခဲ့ပါတယ်။ မျက်မှောက်ကာလမှာတော့ နှစ်နိုင်ငံဆက်ဆံရေးဟာ အရှိန်အဟုန်နဲ့ သိသိသာသာ မြင့်တက်လာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဇွန်လအတွင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံကို သွားရောက်ခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့ အစီအစဉ်တွေချခဲ့တာကို ဦးစွာသတိပြုမိပါတယ်။

စိတ်ဝင်စားတဲ့မြန်မာနိုင်ငံ

မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ စိတ်ဝင်စားခြင်းခံရတဲ့နိုင်ငံဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနဲ့ အာရှဈေးကွက်ကြီးနှစ်ခုကို ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးနေတဲ့ နိုင်ငံအဖြစ်နဲ့ ရှုမြင်ထားကြလို့ ဖြစ်ပါတယ်။ အဓိကဈေးကွက်နိုင်ငံကြီးနှစ်ခုဖြစ်တဲ့ လူဦးရေ တစ်ဘီလီယံကျော်ရှိတဲ့ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အပြင် လူဦးရေသန်း ၆၆၀ ကျော်ရှိတဲ့ အာဆီယံနိုင်ငံတွေနဲ့လည်း နယ်နိမိတ်ချင်းတစ်ဆက်တစ်စပ်တည်းရှိနေပါတယ်။ လူလတ်တန်းစားတွေ အများစုရှိတဲ့ ဒီဒေသတွေဟာ အချိန်နဲ့အမျှ လိုက်ပါဖွံ့ဖြိုးတိုးတက်နေတဲ့အပြင် ကမ္ဘာ့လူဦးရေရဲ့ ၄၄ ဒသမ ၇၅ ရာခိုင်နှုန်းရှိပါတယ်။ ဒီလိုမဟာဗျူဟာကျတဲ့ဒေသမှာ မြန်မာနိုင်ငံဟာ အရေးပါတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ရုရှားနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံကြီးတွေက သတိပြုမိကြပါတယ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံဟာလည်း ကမ္ဘာပေါ်မှာ အကြီးမားအကျယ်ပြန့်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ဥရောပနဲ့ အာရှတိုက်ကို ပေါင်းကူးဆက်စပ်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့ ပိုင်နက်နယ်မြေ အစိတ်အပိုင်းအများစုဟာ အာရှတိုက်ထဲမှာရှိနေပါတယ်။ မျက်မှောက်ကာလမှာ ကမ္ဘာ့အချက်အချာဟာ အာရှတိုက်ကို ရွှေ့လျားပြောင်းလဲနေပါတယ်။ ဒီလို ရွှေ့လျားပြောင်းလဲလာတာနဲ့အမျှ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ အင်အားပြိုင်ဆိုင်မှုတွေ ပြင်းထန်လာပါတယ်။ မြန်မာနိုင်ငံဟာ ပြည်တွင်းရေးမှာ စွက်ဖက်မခံဘဲ ဘက်မလိုက်တဲ့နိုင်ငံအဖြစ်ရပ်တည်နေလို့ အဘက်ဘက်မှာ စိန်ခေါ်မှုတွေရှိနေပါတယ်။ ဒုံအပြင် ပထဝီနိုင်ငံရေးအရ အရေးပါတဲ့နေရာမှာ တည်ရှိနေတဲ့အတွက် ဘက်ပေါင်းစုံကနေ ဖိအားပေးထိုးနှက်တိုက်ခိုက်မှုတွေရှိလာပါတယ်။ ဒါကိုရင်ဆိုင်ဖို့အတွက် အင်အားကြီးမိတ်ဆွေနိုင်ငံတွေရဲ့အကူအညီတွေဟာ အလွန်အရေးကြီးပါတယ်။ ဖိအားပေးမှုတွေကို ကြံ့ကြံ့ခံနိုင်ပြီး မိတ်ဆွေညီအစ်ကိုတွေရဲ့ အကူအညီနဲ့ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုသို့ဦးတည်

မြန်မာနဲ့ရုရှား မိတ်ဆွေညီအစ်ကို နှစ်နိုင်ငံ ဆက်ဆံရေးမှတစ်ဆင့် ပေါ်ထွက်လာမယ့် နယ်ပယ်တွေဟာ ကျယ်ဝန်းလှပါတယ်။ ယခုတင်ပြမှုတွေဟာ ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ နမူနာသဘောမျှသာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံနဲ့လူမျိုးအတွက် ကြိုးပမ်းအားထုတ်မှုတွေဟာ ရေးဖွဲ့လို့ မကုန်နိုင်အောင် များပြားလှပါတယ်။ ပေါ်ထွက်လာတဲ့ အလားအလာကောင်းတွေကို လေ့လာသုံးသပ်ကြတဲ့သူတွေက ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် တင်ပြခဲ့ကြပြီးဖြစ်လို့ ပြည်သူတွေလည်း ထဲထဲဝင်ဝင် သိရှိသဘောပေါက်လာကြပြီလို့ ထင်မြင်ယူဆမိပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေ အပြန်အလှန် သွားရောက်တွေ့ဆုံဆွေးနွေးမှုတွေဟာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပါတယ်။ ချစ်ကြည်ရင်းနှီးမှုတွေဟာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဦးတည်လာမှာသေချာပါတယ်။

မကြာမီကာလမှာ ရုရှား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက်ကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ (၇၅) နှစ်မြောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စိန်ရတုကို ထူးထူးခြားခြား ကျင်းပနိုင်မှာဖြစ်သလို စိန်ရတုကာလမှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွေမှာ အရှိန်အဟုန်တိုးမြှင့်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်သွားနိုင်မှာဖြစ်လို့ နိုင်ငံတော်ရဲ့အနာဂတ်နဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ အမှန်တကယ်ဖြစ်ပေါ်လာမှာ သေချာနေပါတယ်။ ။

အုတ်ဖိုမြို့နယ်၌ နေကြာမျိုးစေ့နှင့် ဓာတ်မြေသြဇာများဖြန့်ဖြူးရောင်းချ

အုတ်ဖို စက်တင်ဘာ ၂၈

ဆောင်းသီးနှံနေကြာ သီးညှပ်စိုက်ပျိုးမည့် တောင်သူများကို နေကြာမျိုးစေ့နှင့် ဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်းအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် လင်းလွန်းပင်ကျေးရွာရှိ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက ဆောင်းသီးနှံနေကြာ စိုက်ပျိုးမည့် တောင်သူ ၃၀ အား ရေဆင်းစပ်မျိုး နေကြာ-၁ နှင့် MPE ဓာတ်မြေသြဇာများကို ပေးအပ်ခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရေဆင်းစပ်မျိုးနေကြာ-၁ (၃.၀)ကီလိုဂရမ် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀ နှင့် ဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၃၄၄၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

အုတ်ဖိုမြို့နယ်အနေဖြင့် ဆောင်းသီးနှံနေကြာကို ယခုနှစ်တွင် ဧက ၄၂၁၀ အထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးဌာနမှ သိရသည်။

အောင်သူ(ပြန်/ဆက်)

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းဒန်နှင့် အဖွဲ့ ဆံတော်ရှင်ကျိုက်ခေါက် စေတီတော် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

တင်ဝင်းတင်

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၈

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဆေးရုံ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တိုးချဲ့ငါးထပ်ဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဆိုပါဆေးရုံရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်သစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ အထူးအဖွဲ့(၁၀)က တာဝန်ယူ တည်ဆောက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁၀၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးခဲ့ကာ စုစုပေါင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တောင်သူတစ်ဦးအား မျိုးစေ့များပေးအပ်စဉ်။

လုပ်ငန်းတန်ဖိုးမှာ ငွေကျပ် ၉၁၈၀ ဒသမ ၄၃၉ သန်းဖြစ်သည်။ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်လှစ်လိုက်ပိုမိုပေးနိုင်ရုံသာမက မုံရွာမြို့ရှိ သူနာပြု/ သားဖွား သင်တန်းကျောင်းမှ သင်တန်းသူများ၊ ပြည်သူ့ဆေးရုံကြီး မုံရွာမြို့၌ ဖွင့်လှစ်ထားရှိသည့် ဆေးဘက်ကျွမ်းကျင်ဓာတ်မှန်/ဆေးစပ် သင်တန်းသားများအတွက်လည်း သင်ကြားရေးလုပ်ငန်းများတွင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခု တိုးချဲ့ငါးထပ်ဆောင်သည် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ရောဂါဗေဒဌာန၊ ဓာတ်မှန်ဌာန၊ ခွဲစိတ်ခန်းငါးခန်း၊ အထူးကြပ်မတ်ကုသဌာန၊ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ဌာန၊ အရိုးအကြောအဆစ် ပြန်လည်သန်စွမ်းရေးဌာန၊ ဖျားနာဆောင်၊ ကင်ဆာ ဆေးပညာဌာနတို့နှင့် ဓာတ်လှေကာနှစ်စင်း ပါဝင်သည့် ခေတ်မီအဆောက်အအုံတစ်ခု ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား၍ မုံရွာမြို့ရှိ ဆေးရုံဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ရေးပြပွဲနှင့် မျိုးစေ့၊ သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေကြာမျိုးစေ့များ၊ ပိုးသတ်ဆေးဘူးများ၊ Gypsum ကျောက်မှုန့်မြေဩဇာများနှင့် ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေသော တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

❍ ကျောဖုံးမှ

"ဘားအံမြို့ရှောင်လမ်းက သံလွင်တံတားသုံးမြှောင့်လမ်းဆုံကနေ ကမော့ကစင်ရွာကိုဖြတ်ပြီး လှာကဒေါင်ရွာထိ လေးမိုင်အရှည်ရှိပါတယ်။ လှာကဒေါင်ရွာကနေ ကမော့ကစင်ရွာထိ မြေသားလမ်းကျဉ်းလေးဖြစ်ပါတယ်။ ရင်ကွဲတောင်ကြားနေရာတွေမှာ ယခင်က ယာဉ်သွားလာလို့ မရခဲ့ဘူး၊ ဒုံကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေလမှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အထွေထွေပိုလျှံရန်ပုံငွေကျပ် ၇၇၃ သန်း၊ ၂၀၂၁-၂၀၂၂ မိနီဘတ်ဂျက် ၁၆၈၉ ဒသမ ၂၀၇ သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ၄၀၇၂ ဒသမ ၆၄ သန်းနဲ့ မြေသားတာပေါင်တင်ခြင်း၊ ကျောက်တောင်ဖိုင်းခွဲခြင်း၊ Box Culvert တံတားငယ်များ တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်းနဲ့ ကြိုဂ်လမ်းဆုံ(အဝိုင်း) လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်၊ ဘဏ္ဍာနှစ်အလိုက် ရရှိတဲ့ရန်ပုံငွေနဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းအားလုံးကို သတ်မှတ်ထားတဲ့ရက်မှာ အားလုံးပြီးစီးဖို့ ဆောင်ရွက်နေပါတယ်" ဟု လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ညိုက ပြောသည်။

ကုန်စည်စီးဆင်းမှုများလည်း ပိုမိုမြန်ဆန်လာမည်

အဆိုပါ မြို့ရှောင်လမ်းသည် လမ်းမိုင် လေးမိုင်ရှည်လျားပြီး အကျယ် ၂၄ ပေ နှစ်လမ်းသွားဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင် တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပါက သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်းမှ လှိုင်းဘွဲသို့ သွားရောက်မည့် ကုန်တင်ယာဉ်များအနေဖြင့် ယခင်ကထက် ၁၁ မိုင် ၅ ဖာလုံ ခရီးပိုမိုတိုတောင်းစွာ သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများလည်း ပိုမိုမြန်ဆန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

✰ အာရှဖလားမှ

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အမျိုးသားအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်မြင့်အောင်၊ နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးပေါ်ထွန်းကျော်နှင့် ဦးဇရာမောင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်သူ၊ အားကစားသမားများအဖြစ် ဂိုးသမား- ဆလိုင်းအုံ့ဘွယ်မောင်၊ စိုင်းသီဟနိုင် (မန္တလေးအကယ်ဒမီ)၊ ကောင်းကင်ကြယ် (ရန်ကုန်အကယ်ဒမီ)၊ နောက်တန်း- လင်းထက်ဦး၊ သူရဇော်၊ နေလင်းထက် (မန္တလေးအကယ်ဒမီ)၊ သက်နိုင်ဦး၊ မြတ်ဘုန်းခန့် (ပုသိမ်အကယ်ဒမီ)၊ နေလင်းထွန်း (အား/ကာသိပ္ပံလွိုင်ကော်)၊ အလယ်တန်း- ကောင်းခန့်ဇော်၊ ကောင်းထက်၊ နေမင်းထက်၊ ဟန်ထွန်းဇော် (မန္တလေးအကယ်ဒမီ)၊ မျိုးထက်ဦး၊ ခွန်းချိုထူး၊ ဝေလျှံရှိုင်း (ပုသိမ်အကယ်ဒမီ)၊ မျိုးမင်းခန့် (ရန်ကုန်)၊ အောင်ကောင်းမြတ် (မန္တလေး)၊ အောင်ဇော်မျိုး (ကရင်)၊ ရှေ့တန်း-ပြည့်စုံအောင် (ပုသိမ်အကယ်ဒမီ)၊ ရှိုင်းဝဏ္ဏအောင်၊ ထူးဝေယံ (မန္တလေးအကယ်ဒမီ)၊ စောမျိုးဇော် (ကရင်)တို့ လိုက်ပါသွားသည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အသင်းတွင် မြန်မာဘောလုံးအကယ်ဒမီများမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကစားသမားများ ပါဝင်နေသည်။

၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ဃ) တွင် ဆော်ဒီအာရေဗျ၊ အိန္ဒိယ၊ ကူဝိတ်၊ မော်လ်ဒိုက်အသင်းတို့နှင့် ကျရောက်နေသည်။ ယင်းအုပ်စုပွဲစဉ်များကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် အိမ်ရှင်ဆော်ဒီအာရေဗျအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ကိုညီလေး

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ(၂)ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂)ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလေ၃ယာက၊ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ အတွင်းရေးမှူး(၂) စဝ်စိုင်းဆုတို့ တက်ရောက်ကြသည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် နိုင်ငံရေးအရ နှစ်ဖက်သဘောထားများ ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လျှာထားသတ်မှတ်ထားသည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ (ဇယား-၂) အား ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်က တစ်ချက်ချင်းအလိုက် ရှင်းလင်းတင်ပြပြီး အဖွဲ့အသီးသီး၏ သဘောထားများကို အပြန်အလှန်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်အား ပြင်ဆင်လိုသည့်အချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် SSPP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးရာ တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားအမြင်များကို အပြန်အလှန်ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။ တတိယနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၃/၂၀၂၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၃/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ(၂) ၌ ကျင်းပသည်။

ဆွေးနွေး

ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အထူးစီးပွားရေးဇုန်များ တိုးတက်ရန် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းများ ချောမွေ့စွာဆက်လက်လည်ပတ်နိုင်ရေး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စပ်လျဉ်း၍ လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် အနေဖြင့် ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ထိုင်းနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးသွားရန်ကိစ္စများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများအား အသေးစိတ်တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာတွင် နွေစပါး ၁၁၆ ဧက စိုက်ပျိုးရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော်၏ လယ်ယာစီးပွားရေးကဏ္ဍ မြှင့်တင်မှုအခြေအနေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ငွေးပင်စံပြကျေးရွာ၌ နွေစပါးစိုက်ပျိုးရေးအတွက် မျိုး၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ပံ့ပိုးပေးမည့် အစီအစဉ်၊ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း အစီအစဉ်တို့ကို ဒုတိယဝန်ကြီး ဦးမြင့်စိုးက ရှင်းလင်းပြောကြားသည်။

ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာ ငွေးပင်မြောက်ရွာ၌ တစ်ဆက်တစ်စပ်တည်း စနစ်တကျ လယ်ယာမြေဖော်ထုတ်ဆောင်ရွက်နေသော လယ်မြေ ၁၁၆ ဧကတွင် နွေစပါးစိုက်ပျိုးမည့် စံပြငွေးပင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယင်းသို့ ပြောကြားခဲ့သည်။

ထို့အပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသိရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီသမဝါယမအသင်းလီမိတက်နှင့် ရွှေကမ္ဘာသမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်နေသော သဘာဝ မြေသြဇာစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွက် ကုန်ကြမ်းပစ္စည်း ဝယ်ယူရရှိမှု၊ နေ့စဉ်ထုတ်လုပ်နိုင်မှု၊ ထုတ်လုပ်ပြီး သဘာဝမြေသြဇာများ ဖြန့်ဖြူးရောင်းချမှုတို့ကို ညှိနှိုင်းဆွေးနွေးပြီး ရာသီအလိုက် စိုက်ပျိုးသီးနှံများအတွက် သဘာဝမြေသြဇာများ ပိုမိုထုတ်လုပ်နိုင်ရေး၊ ဒေသခံတောင်သူများအား ပညာပေးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ကန်ထရိုက်လယ်ယာစနစ်ဖြင့် နွေစပါးစိုက်ပျိုးမည့် အခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက နွေစပါးစိုက်ပျိုးရေးအတွက် ရေရရှိနိုင်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ဒေသခံတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စံပြငွေးပင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ခြောက်ဦး၏ စိုက်ပျိုးမြေ ၇ ဒသမ ၀၅ ဧကတွင် အစေ့ချ(စီဒါ)စိုက်ပျိုးခြင်း၊ ကြဲပက်စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း စသည့်နည်းစနစ်သုံးမျိုး အသုံးပြုစိုက်ပျိုးထားသော GW-11 စပါးမျိုး စမ်းသပ်စိုက်ကွက်များ၏ ၆၅ ရက်သားစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့ ဒေသခံတောင်သူများ၏ ဆီထွက်သီးနှံများ ကြိတ်ခွဲပေးနိုင်ရေး၊ စားသုံးဆီဖြန့်ဖြူး ရောင်းချပေးနိုင်ရေးအတွက် သမဝါယမအသင်းများက တာဝန်ယူတည်ဆောက် လည်ပတ်မည့် ဆီစက်မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဂုဏ်အင်္ဂါအရည်အချင်းစိစစ်ရေး ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေးစိစစ်ရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဂုဏ်အင်္ဂါ အရည်အချင်းစိစစ်ရေး ညှိနှိုင်းအစည်းအဝေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များပြဋ္ဌာန်းချက်၊ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅)" ပါ ဂုဏ်အင်္ဂါအရည်အချင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်၍ နှစ်စဉ်ဆက်ကပ်ချီးမြှင့်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် အဆိုပြုလျှောက်ထားမှုများမှ အဆင့်ဆင့်ရွေးချယ်ခဲ့ရာ ၂၀ ရာခိုင်နှုန်း ဆက်ကပ်လှူဒါန်းချီးမြှင့်နိုင်ခဲ့ပြီး အဂတိလေးပါး ကင်းရှင်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စိစစ်ရွေးချယ်သွားမည်ဖြစ်

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့်နိုင်ရန် ပြည်တွင်းမှ အဆိုပြုလျှောက်ထားလာသည့် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့အား အမိန့်ကြော်ငြာစာအမှတ် ဂုဏ်အင်္ဂါအရည်အချင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် ဝိဝါဒါဓိကရုဏ်းမှုခင်း၊ အနုဝါဒါဓိကရုဏ်းမှုခင်းများ ကင်းရှင်းမှု ရှိ/ မရှိ၊ ကိုယ်ရေးနောက်ကြောင်း ကင်းရှင်းမှု ရှိ/ မရှိ တို့ကို စိစစ်ပေးရန် ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် သာသနာနုဂ္ဂဟာတွဲ လျှောက်ထားကြသည့် လူပုဂ္ဂိုလ်တို့မှ နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်ငွေများ အကြေပေးသွင်းပြီးခြင်း ရှိ/မရှိ၊ အခြားပေးရန်ကြွေးကျန်များ ရှိ/မရှိ တို့ကို စိစစ်ပေးရန် ဖြစ်ကြောင်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် နိုင်ငံသားဖြစ်မှုအခြေအနေနှင့် သာသနာဝင်/ သာသနာနွယ်ဝင် စိစစ်ရေးကတ်၊ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မှုအခြေအနေတို့ကို စိစစ်ပေးရန် ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်နိုင်ရေး ဦးစီးဌာနအလိုက် အဆိုပြုလျှောစိစစ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

သတင်းစဉ်

ထိုင်းနိုင်ငံ ကန်ချနဘူရီပြည်နယ်တွင် မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမားငါးဦးအတွက် ကျန်ရစ်သူမိသားစုထံ အာမခံကြေးပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၈

ထိုင်းနိုင်ငံ ကန်ချနဘူရီပြည်နယ်တွင် မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမားငါးဦးအတွက် အာမခံကြေးများအား ကျန်ရစ်သူမိသားစုများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပခဲ့ပြီး အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ၂၀၂၂ ခုနှစ် ဧနှစ်နဝါရီ ၂၀ ရက်က ထိုင်းနိုင်ငံ ဆိုင်ရို့ခရိုင်နယ်စပ်မှ တရားမဝင် မြန်မာအလုပ်သမားများ တင်ဆောင်လာသည့် မော်တော်ယာဉ်သည် ကန်ချနဘူရီပြည်နယ်အတွင်း ဖြတ်သန်းစဉ် စစ်ဆေးရေးဂိတ်တွေ့၍ လှည့်ပြန်မောင်းနှင် ထွက်ပြေးရာမှ တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်တွင် ပါရှိသည့် အလုပ်သမား ၁၀ ဦးအနက် မောင်သက်နိုင်ဖြိုး၊ မောင်နိုင်ဝင်းစိုး၊ မောင်အောင်ရွှေဝင်း၊ မခင်မာနွယ်နှင့် မအိဖြူအောင်တို့ သေဆုံးခဲ့မှုအပေါ် မော်တော်ယာဉ်အာမခံ ထောက်ပံ့ကြေးငွေအား ကျန်ရစ်သူမိသားစုများထံ ပေးအပ်ခြင်းဖြစ်ကြောင်း။

အဆိုပါအလုပ်သမား ငါးဦး သေဆုံးခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ထိုင်းနိုင်ငံ အလုပ်သမားအရာရှိရုံးမှ အလုပ်သမားသံအရာရှိက မော်တော်ယာဉ်အာမခံ ကုမ္ပဏီဖြစ်သည့် Dhipaya Insurance Public Co., Ltd. နှင့်ချိတ်ဆက်ဆောင်ရွက်၍ မော်တော်ယာဉ် အာမခံကြေးရရှိနိုင်ရေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လိုအပ်သည့်အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး)များ၊ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့မှ သေဆုံးသူများ၏ မိသားစုဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလုပ်သမား ငါးဦး သေဆုံးမှုဖြစ်စဉ်နှင့် စပ်လျဉ်းပြီး မော်တော်ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားသည့် ယာဉ်မှာ Dhipaya Insurance Public Co., Ltd. တွင် မော်တော်ယာဉ် အာမခံထားရှိခြင်းကြောင့် သေဆုံးသူများအတွက် မော်တော်ယာဉ်အာမခံငွေများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ထိုင်းနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့်ဝင်ရောက်မှုကြောင့် ဖမ်းဆီးခံရမှုများ၊ မော်တော်ယာဉ်တိမ်းမှောက်ခဲ့မှုများ ဖြစ်ပွားခဲ့မှုကြောင့် မြန်မာ့ရွှေ့ပြောင်းအလုပ်သမား ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများရှိခဲ့ခြင်း၊ တရားမဝင် သွားရောက်ခြင်းကြောင့် လူကုန်ကူးခံရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝမရရှိခြင်းနှင့် အခြားသော လူ့အခွင့်အရေးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့် အပြင် အခက်အခဲမျိုးစုံ ကြုံတွေ့လာနိုင်သဖြင့် တရားမဝင် သွားရောက်ခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ပြည်ပသို့ တရားဝင်သွားရောက် လုပ်ကိုင်ခြင်းဖြင့် ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ခြင်း၊ လူကုန်ကူးခံရမှုမဖြစ်ပွားနိုင်ခြင်း၊ ဆိုက်ရောက်နိုင်ငံများ၌ လွတ်လပ်စွာ သွားလာနိုင်ခြင်းနှင့် လုပ်ငန်းခွင်တွင် စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျန်ရစ်သူမိသားစုဝင်သုံးဦးနှင့် ဒုတိယဝန်ကြီးက ကျန်ရစ်သူမိသားစုဝင် နှစ်ဦးတို့၏ မိသားစုဝင်များသို့ မော်တော်ယာဉ် အာမခံကြေးများအား ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရိုန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM) မှ တာဝန်ရှိသူနှင့် သေဆုံးသူများ၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်း ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၈

"လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူကုန်ကူးမှု ဖြစ်စဉ်များသည် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်တွင်းငြိမ်းချမ်းမှုတို့နှင့် တိုက်ရိုက်ဆက်နွယ်နေကြောင်း၊ "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်"ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၂၀ ပြည့်နှစ် သြဂုတ်လတွင် အတည်ပြုဖြန့်ဝေခဲ့ကြောင်း၊ အဆိုပါ စံလုပ်ငန်းအစီအစဉ်တွင် ဖော်ပြပါရှိသောယေဘုယျ ဦးတည်ချက်၊ လိုက်နာရမည့် အခြေခံမူနှင့် အထွေထွေလမ်းညွှန် ချက်များ၊ စံလုပ်ငန်းအစီအစဉ်များဖြစ်သော လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း၊ ကြားကာလကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းစသောလုပ်ငန်းစဉ်များနှင့်အညီ လူကုန်ကူးခံရသူများ၏ အကောင်းဆုံး အကျိုးစီးပွားကိုဖော်ဆောင်ပေးနိုင်ရန် စံလုပ်ငန်းအစီအစဉ်အသုံးပြုနည်းသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အတည်ပြုထုတ်ဝေပြီးဖြစ်သည့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်"ပါ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ သင်တန်းသား သင်တန်းသူများ တက်ရောက်မည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် စက်သုံးဆီများပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီ အမျိုးအစားအလိုက် ပုံမှန်စိစစ် တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal တွင် MT Synergy သင်္ဘောမှ ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါသင်္ဘောတွင် ဓာတ်ဆီ 92 Ron ၂ ဒသမ ၄၅ ဂါလန် သန်းနှင့် ပရီမီယမ်ဒီဇယ်ဆီ ၆ ဒသမ ၁၄ ဂါလန်သန်းပါရှိ၍ ဆီလက်ကျန်အခြေအနေအရ စက်သုံးဆီ ဖူလုံမှုရှိကြောင်း တွေ့ရှိရသည်။

စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့ သီလဝါမှ ကလေးဝမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီပို့ဆောင်မည့် ဆီတင်ယာဉ်လေးစီးအား အကြမ်းဖက်အဖွဲ့အစည်းများက တိုက်ခိုက်နှောင့်ယှက်ခဲ့သည့်အတွက် သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီပို့ဆောင်နိုင်ခြင်းမရှိဘဲ ဆီသယ်ယာဉ်များ ရပ်တန့်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံ စစ်တွေမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အမယ်သစ်ပို့ကုန် Polyester Staple Fiber တင်ပို့နိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုကို ကုန်သွယ်မှုဖြင့် အထောက်အကူပြုရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်ပြည်နယ်တွင် စစ်တွေ ကုန်သွယ်ရေးစခန်း၊ မောင်တောကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေး၍ နယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ထိန်းချုပ်ပယောက်စေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ပုံမှန်အားဖြင့် စစ်တွေနှင့် မောင်တောမှတစ်ဆင့် တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်ကုန်၊ လယ်ယာထွက်ကုန်၊ သစ်တောထွက်နှင့် စက်မှုကုန်ချော (တန်ဖိုးမြင့်) ထုတ်ကုန်များ တင်ပို့လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်မှ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းလျက်ရှိသည်။ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့ရာတွင် ပုံမှန်အားဖြင့် ဆီးယိုထုပ်၊ တံမြက်စည်း (အကြမ်း)၊ ဆန်ကြာဆံ၊ လူကြီးစီးဖိနပ်၊ ချည်လုံချည်၊ ကော်ဖီမစ်၊ ကွေကာအုပ်၊ သကြားလုံး၊ နေကြာစေ့၊ သနပ်ခါးခဲ ၊ ထွန်းရွှေဝါ စသည်တို့ကိုသာ တင်ပို့နိုင်ခဲ့ရာမှ ယခုနှစ် စက်တင်ဘာလအတွင်း အမယ်သစ် စက်မှုကုန်ချောပစ္စည်းတစ်ခုဖြစ်သည့် Polyester Staple Fiberကို ၆၀၀ ကီလို တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ယခင်အပတ်နှင့် ယခုအပတ် ကမ္ဘာ့ရွှေဈေးနှုန်း၊ ရည်ညွှန်းဈေးနှုန်းနှင့် လက်ရှိပေါက်ဈေး နှိုင်းယှဉ်ချက်

ရန်ကုန် စက်တင်ဘာ ၂၈

စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၂၅ ဒေါ်လာဖြစ်ပြီး လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၇၀၀၀၀ ဈေးပေါက်ကာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးမှာ ကျပ် ၁၉၁၉၀၀ ဖြစ်သည်။ ယခင်အပတ် စက်တင်ဘာ ၂၁ ရက်တွင် ကမ္ဘာ့ရွှေဈေးအနေဖြင့် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၁၃ ဒေါ်လာရှိခဲ့ပြီး ဈေးကွက် ရွှေတစ်ကျပ်သား ပေါက်ဈေးမှာ ငွေကျပ် ၂၈၁၀၀၀ ဖြစ်ကာ ရွှေအသင်း၏ ရည်ညွှန်းဈေးမှာ ငွေကျပ် ၁၉၅၇၀၀၀ ဖြစ်သည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ယခင်အပတ်ထက် ၃၈ ဒေါ်လာ လျော့နည်းခဲ့ပြီး ပြည်တွင်း၌ ရွှေတစ်ကျပ်သားမှာ ယခင်အပတ် ဈေးကွက်ပေါက်ဈေးထက် ငွေကျပ် ၁၁၀၀၀၀ လျော့နည်းခဲ့ကာ ရည်ညွှန်းဈေးမှာလည်း ယခင်အပတ်ထက် ငွေကျပ် ၃၈၀၀၀ လျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။ **သတင်းစဉ်**

အာဆီယံဒေသတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် ဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် လမ်းညွှန်စာအုပ်ကို ဝက်ဘ်ဆိုက်များတွင် လွှင့်တင်ထားရှိ

ရန်ကုန် စက်တင်ဘာ ၂၈

ARISE+IPR သည် Annual Work Plan–4 ၏ Activity 12 အရ အာဆီယံဒေသတွင်းရှိ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် ဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်စာအုပ် (Guidebook on Regional Intellectual Property Management for SMEs in ASEAN) ကိုပြုစုရေးသားခဲ့ပြီး အာဆီယံနိုင်ငံအသီးသီး၏ ဘာသာစကားများဖြင့် ဘာသာပြန်ဆိုနိုင်ရေးကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လမ်းညွှန်စာအုပ်ကို http : // internationalipcooperation.eu Website ၏ ARISE+IPR ကဏ္ဍမှ Publications၊ Promotional Material ခေါင်းစဉ်အောက်နှင့် မူပိုင်ခွင့် ဦးစီးဌာန၏ Website ဖြစ်သော www.ipd.gov.mm တို့တွင် လွှင့်တင်ထားရှိပြီး ဖြစ်သည့်အတွက် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

တာချီလိတ်ကုန်သွယ်ရေးစခန်း၌ ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုသည် ယခင်ကထက် ပိုမိုတည်ငြိမ်လာပြီဖြစ်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။

ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှု ပြုရာတွင် ဘတ်ငွေကို အဓိကအသုံးပြုကြသလို တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် ဒေါ်လာကို အများဆုံးအသုံးပြုကြသည်ကို သိရှိရကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းများ ကောင်းမွန်မှုရှိနေသော်လည်း ဒေသထွက်ကုန်ပစ္စည်းများ ထွက်ရှိမှုနည်းပါးနေသည့်အတွက် တင်ပို့မှုလည်းနည်းပါးကြောင်း၊ သွင်းကုန်ပစ္စည်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ တင်သွင်းလျက်ရှိကြောင်း တွေ့ရှိရသည်။ တာချီလိတ်ဒေသတွင် ဘတ်ငွေကိုသာ အဓိကအသုံးပြုနေသည့်အတွက် စက်တင်ဘာ ၂၈ ရက်တွင် တစ်ဘတ်လျှင် ငွေကျပ် ၈၁ ဒသမ ၃၀ ခန့် ပေါက်ဈေး ဖြစ်ပေါ်နေကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နယ်စပ်မှတစ်ဆင့် မြန်မာ့ဆန်ဝယ်လိုအားရှိလာသည့် ဘင်္ဂလားဒေ့ရှ်

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ကွမ်းသီး၊ အုန်းသီးခြောက်၊ ချင်း(အစို)၊ ဆီးဖတ်၊ မကျည်းဖတ်၊ မန်ကျည်းစေ့၊ နန္တင်းတက်၊ စစ်တုံ့၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ဆီးသီးခြောက်၊ တည်းသီးစသည်တို့ကို နယ်စပ်မှတစ်ဆင့် တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။

ၔင်းကုန်ပစ္စည်းများအပြင် ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာ့အဓိက ပို့ကုန်ဖြစ်သည့် ဧည့်မထဆန်ဖြူ ၅ ရာခိုင်နှုန်း၊ ဆန်ကွဲကို ဘင်္ဂလားဒေ့ရှ်ဘက်မှ ဝယ်လိုအားရှိလာခဲ့ပြီး တန်ချိန်စုစုပေါင်း ၉၅၀ ကို တစ်တန်လျှင် ၃၉၅ ဒေါ်လာဖြင့် စစ်တွေ ရွှေမင်းဂံဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းလေကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးဆိပ်ကမ်း ပြန်လည်ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ဖြစ်ပွားခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်မှစ၍ ယာယီရပ်ဆိုင်းထားခဲ့သည့် ယူနန်ပြည်နယ် စစ်ဆောင်ပန ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ၊ မုန်လခရိုင်အနောက်တောင်ပိုင်း လန်ချန်းမြစ်ကမ်းရှိ ကွမ်းလေ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဆိပ်ကမ်းကို စက်တင်ဘာ ၁၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနပြည်နယ်ခွဲ ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးမှ သိရသည်။

အဆိုပါကွမ်းလေကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဆိပ်ကမ်းသည် အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အချက်အချာနေရာနှင့် အရှေ့တောင်အာရှနိုင်ငံများ မဲခေါင်မြစ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်သော အဓိကဆိပ်ကမ်းတစ်ခုဖြစ်သည်။ **သတင်းစဉ်**



ရွှေဘိုမြို့နယ်၏ ထင်းအစားထိုး မီးသွေးလောင်စာတောင့်လုပ်ငန်း

နေပြည်တော် စက်တင်ဘာ ၂၈

လောင်စာတောင့် ပြုလုပ်ရန်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများမှာ မီးသွေးမှုန့်နှင့် ရွှံ့မြေ/နုန်းမြေတို့ဖြစ်ပြီး မီးသွေးမှုန့်များကို စက်ဖြင့်အမှုန့်ကြိတ်ခြင်း၊ ရွှံ့မြေ/နုန်းမြေများကိုလည်း ရေဖြင့် တစ်ညစိမ်ထားပြီး တုတ်ဖြင့်မွှေကာ ပျစ်နေသောရွှံ့မြေ/နုန်းမြေ၊ ရေနှင့် မီးသွေးမှုန့်များကို အချိုးကျရောစပ်၍ အုတ်ကန်တစ်ခုထဲသို့ထည့်ပြီး မွှေခြင်း၊ ခြေထောက်ဖြင့် နင်းခြင်းများ ဆောင်ရွက်ရကြောင်း၊ စေးသွားပါက လောင်စာတောင့် ပြုလုပ်မည့် ပုံစံခွက်ထဲသို့ ရိုက်ထည့်ရကြောင်း၊ ပုံစံခွက်ထဲမှ ထွက်လာသော လောင်စာတောင့် အစိုများကို ငါးရက်ကြာ နေလှန်းရကြောင်း၊ ရွှံ့မြေ/ နုန်းမြေကို ရေစိမ်သည့်အခါ ရေတွင် ပျော်ဝင်မှုမရှိသည့် အခဲများပါဝင်ပါက လောင်စာတောင့်ကွဲသဖြင့် ယင်းအခဲများကို စွန့်ပစ်ရကြောင်း သိရသည်။

တစ်ရက်လျှင် လောင်စာတောင့် ၈၀၀ မှ ၉၀၀ ကြားထုတ်လုပ်နိုင်ကြောင်း၊ လောင်စာတောင့်တစ်တောင့်လျှင် ငွေကျပ်၁၀၀ ဖြင့် လည်းကောင်း၊ ၅၀ ပါ တစ်အိတ်လျှင် ပုံမှန်ယူနေကျဖောက်သည်များကို ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း ရောင်းချရပြီး ရွှေဘိုမြို့နယ် ဇီးကုန်းမြို့နှင့် ရွှေတောများမှ မှာယူကြကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)များကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများ မရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆(အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

(င) နိုင်ငံသားစိစစ်ရေးကတ်(၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂)ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင် ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(စ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ)ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေ ဖြည့်သွင်းရမည်။

(ဂ) ပုံစံ ၆၆/၆(အထစ)အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ)အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(င) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ(ပြောင်းဝင်/ပြောင်းထွက်/မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံး အခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

(စ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်သူလူထုလုံခြုံရေးအတွက် ဖုန်း SIM Card များ မှတ်ပုံတင်ခြင်းကို ပြန်လည်စစ်ဆေးမည်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့် အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ မှတ်ပုံတင် **(မူရင်း)**ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာ ဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန် လိုအပ်ပါသည်။ လက်ရှိ အသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များမှန်ကန်စွာ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ရာတွင် လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေး အော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများ ထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူ အများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍ မမှန်ကန်ပါက မိမိတို့ အမှန်တကယ် သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန

တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ မရှိစေရေး မိုဘိုင်းပေး ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်နိုင်ရန်လိုအပ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍ စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှု စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများတိုးတက်လာသည်နှင့် အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင်မသမာသူများမှ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှု အချို့အားအသုံးချ၍ မသမာသည့်နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e-KYC))လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်(SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် စနစ် ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent) များ/ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများ အနေဖြင့် KYC အား Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2)သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေး စာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့ လက်ကျန်ငွေများအား အသုံးပြုနိုင်မည့် နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံများ ရေရှည်တည်တံ့စေရေးနှင့် နောင်တည်ဆောက်မည့် အားကစားကွင်း/ အားကစားရုံများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မီစွာ တည်ဆောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

အားကစားလောကတိုးတက်စေရေးအတွက် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရေး၊ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ လာရောက်လေ့ကျင့်ကစားနိုင်စေရေးနှင့် အားကစားပြိုင်ပွဲများ အဆင့်အတန်းမြင့်မြင့် လာရောက်ကြည့်ရှုအားပေးနိုင်စေရေး စည်းရုံးဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် အားကစား အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံများ ရေရှည်တည်တံ့စေရေးနှင့် နောင်တည်ဆောက်မည့် အားကစားကွင်း/ အားကစားရုံများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မီစွာ တည်ဆောက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံက လမ်းညွှန်မှာကြားသည်။

ဇရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်သို့ ရောက်ရှိခဲ့ရာ ပန်းတနော်မြို့နယ် အားကစားကွင်း/ အားကစားရုံတို့ကို ယမန်နေ့မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ် အားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် အကြီးစားပြင်ဆင်ဆောင်ရွက်နိုင်ရေး လျာထားရေးဆွဲသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် မြို့နယ်မိုးလုံလေလုံ အားကစားရုံကိုကြည့်ရှုစစ်ဆေးပြီးကြက်တောရိုက်အားကစားနည်းနှင့် ပိုက်ကျော်ခြင်းအားကစားနည်းတို့အတွက် လိုအပ်သော အားကစားအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မှာကြား၍ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘောလုံးအားကစားကွင်းသို့ သွားရောက်ကြည့်ရှု

စစ်ဆေးပြီး ဘောလုံးကွင်းပွဲကြည့်စင်အသစ်တည်ဆောက်မည့်မြေနေရာနှင့် အားကစားနှင့် ကာယပညာသိပ္ပံ တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

သတင်းစဉ်

ပြည်နယ်အဆင့် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်

စစ်တွေ စက်တင်ဘာ ၂၈

ပြည်နယ်အဆင့် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအဖြစ် အင်အားကြီးငလျင်လှုပ်ခတ်ရာတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းစေရန် ခိုင်ခံ့သော စာရေးခုံနှင့် ထိုင်ခုံအောက်တွင် ဝင်ရောက်ခိုလှုံခြင်း၊ ဘေးလွတ်ရာစုရပ်သို့ အကာအကွယ်ပြု၍ ရှောင်ရှားခြင်းတို့ကို သဏ္ဌာန်တူလေ့ကျင့်သရုပ်ပြသခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံ ထပ်မံပြိုကျမှု ရှိ၊ မရှိ လေ့လာခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ငလျင်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် တပ်ဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများကို ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ကြကာ ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း ဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်တွင် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ခွဲစိတ်ကုသ

နေပြည်တော် စက်တင်ဘာ ၂၈

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်တွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ ရှိ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါအသည်းအစားထိုးကုသမှုတွင် ဒေါ်ခင်သူဇာမျိုးနှင့် အသည်းအလျှူရှင်ဖြစ်သည့် ဒေါ်ကေသီမြင့်တို့ကို ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလျှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို ယနေ့နံနက် ၈ နာရီတွင် စတင်ခဲ့ပြီး စုစုပေါင်းခွဲစိတ်ချိန် ၁၂ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလျှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ယခုအချိန်တွင် အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါ ဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယခင်ပထမနေ့က ခွဲစိတ်ထားသော အသည်းအလျှူရှင်လူနာနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူသည့် လူနာနှစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက လိုအပ်သည့် ကြပ်မတ်ကုသမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈) ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက အမှာစကားပြောကြားရာတွင် မိမိတို့ ဖောင်ဒေးရှင်းသည် ပြည်သူများ ဗဟုသုတတိုးပွားစေရေးအတွက် စာကြည့်တိုက်များ တည်ထောင်ခြင်း၊ စာအုပ်စာစောင်များ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်နေသည့် လူမှုရေးအဖွဲ့ အစည်းဖြစ်ကြောင်း၊ ပြည်သူများ အကျိုးရှိစေမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

အစည်းအဝေး တက်ရောက်ကြသည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

မြောက်ကိုရီးယားက ပဲ့ထိန်းဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်

ပြိုယမ်း စက်တင်ဘာ ၂၈

မြောက်ကိုရီးယားက ပဲ့ထိန်းပစ်ဒုံးကျည်နှစ်စင်းကို ဂျပန်ပင်လယ်အတွင်းသို့ ယနေ့စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါ ဒုံးကျည်ကို အမေရိကန် ဒုတိယသမ္မတ ကင်မလာဟဲရစ်တောင်ကိုရီးယားနိုင်ငံသို့ မလာရောက်မီ တစ်ရက်အလိုတွင် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြီးနောက် နှစ်ရက်မြောက်သည့်နေ့ဖြစ်သည့် စက်တင်ဘာ ၂၈ ရက်တွင် အဆိုပါဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ စက်တင်ဘာ ၂၅ ရက်တွင် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဂျပန်ပင်လယ်အတွင်း ပစ်လွှတ်ခဲ့ကြောင်းလည်း သိရသည်။

ပစ်လွှတ်ခဲ့ခြင်းဖြစ်

စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်နှင့် ၆ နာရီ မိနစ် ၂၀ ကြားအချိန်တွင် အဆိုပါ ပဲ့ထိန်းဒုံးကျည်များကို မြို့တော်ပြိုယမ်းရှိ ဆူနန်ဒေသမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဒုံးကျည်များသည် အမြင့်ပေ ၃၀ ကီလိုမီတာနှင့် ကီလိုမီတာ ၃၆၀ အကွာအဝေးခန့် ရောက်ရှိခဲ့ကြောင်း သိရသည်။

ယင်းဒုံးကျည်များသည် မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့ဘက်ရှိ ဂျပန်နိုင်ငံ၏ အထူးသီးသန့် စီးပွားရေးဇုန်ပြင်ပသို့ ကျရောက်သွားခဲ့ကြောင်း သိရသည်။

ဂျပန်သင်္ဘောများနှင့် လေယာဉ်များ ထိခိုက်ပျက်စီးမှုမရှိခဲ့ပေ။

ယနေ့ စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်သည် မြောက်ကိုရီးယားနိုင်ငံက ယခုနှစ်အတွင်း အကြိမ် ၂၀ မြောက် ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားက ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခြင်းကို ကျေနပ်မှုမရှိကြောင်းနှင့် ယင်းသို့ဒုံးကျည်များပစ်လွှတ်ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်များနှင့် ဆန့်ကျင်လျက်ရှိပါကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးတိုရှိရိုက ပြောသည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃ဒသမ၅၉ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် စက်တင်ဘာ ၂၈

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃ဒသမ၅၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၄၇၀၉၇၈၉ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၃၇၉ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

သေဆုံးသူစုစုပေါင်း ၂၈၃၁၈ ဦးရှိ

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၃၁၈ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုညဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ဖိလစ်ပိုင်နိုင်ငံ၌ စူပါတိုင်ဖွန်းမုန်တိုင်းနိုရူ ဝင်ရောက်တိုက်ခတ်မှုကြောင့် ၁၀ ဦး သေဆုံး

မနီလာ စက်တင်ဘာ ၂၈

ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၂၅ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်း နိုရူကြောင့် သေဆုံးသူ ၁၀ ဦးရှိခဲ့ကြောင်းနှင့် အခြားသောရှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် စူပါတိုင်ဖွန်းမုန်တိုင်း နိုရူဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် မြို့တော်မနီလာ၏ မြောက်ဘက်ရှိ ဘူလာကန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် မျောပါသွားခဲ့သည့် ကယ်ဆယ်ရေးလုပ်သားငါးဦး အပါအဝင် သေဆုံးသူစုစုပေါင်း ၁၀ ဦးအထိ ရှိလာခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ အယ်လီဂျန်ဒရိုက ပြောကြားသည်။

အဆိုပါ စူပါတိုင်ဖွန်းမုန်တိုင်းနိုရူသည် လူဇုန်ကျွန်းကို ဖြတ်ကျော်ကာ စက်တင်ဘာ ၂၅ ရက်ညပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဒေသအနှံ့အပြားသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး လူဇုန်ကျွန်း၏ ဒေသအများအပြားတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့မှုအများဆုံးခံရသည့် နိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ပျမ်းမျှအားဖြင့် နှစ်စဉ်တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

တရုတ်နိုင်ငံ ကျီလင်းခရိုင်ရှိ စားသောက်ဆိုင်တစ်ဆိုင် မီးလောင်၊ ၁၇ ဦး သေဆုံး

ပေကျင်း စက်တင်ဘာ ၂၈

တရုတ်နိုင်ငံ ကျီလင်းခရိုင် ချန်ချန်မြို့၌ စားသောက်ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၇ ဦး သေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ချန်ချန်မြို့ နည်းပညာမြင့်စက်မှုဖွံ့ဖြိုးမှုဇုန်ရှိ အဆိုပါစားသောက်ဆိုင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးစတင်လောင်ကျွမ်းစဉ် မီးသတ်သမားများက အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိကာ မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းမှု၏အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မီးသတ်သမားများက ဆိုသည်။

မွန်းလွဲ ၃ နာရီတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးဆုံးခဲ့ကြောင်း မီးသတ်သမားများက ဆိုသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၃ ဦး ထပ်မံသေဆုံး

မနီလာ စက်တင်ဘာ ၂၈

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၃ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၈၈၂ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ကူးစက်ခံရသူပေါင်း ၃၉၄၃၁၅ ဦးရှိ

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၅၀၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၄၃၁၅ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၅၅ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၆၇၁ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၉ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အသိပေးသတင်းထုတ်ပြန်ခဲ့

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာနေ ကြူကြူဇော(ခ) ကြူကြူသည် ၎င်းအသုံးပြုသည့် "Kyu Kyu" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

"(၃၈)ဖြာမဂ်လာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြားဌ ဆက်လက်ပြသမည်

နေပြည်တော် စက်တင်ဘာ ၂၈

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာမဂ်လာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမဂ်လာအစီအစဉ်များ အနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် တပေါစ (ခြိုးခြံချွေတာခြင်း) အစီအစဉ်ကို အောက်တိုဘာ ၁ ရက် စနေနေ့ ည ၉ နာရီခွဲခန့်တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင် မျိုးဆက်သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတ အဖွဲ့၏ တီးခတ်မှုနှင့်အတူ အကယ်ဒမီ နွဲ့နွဲ့စန်း ဦးဆောင်ပြီး သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ဓာတ်လင်း၊ မြတ်ရွှန့် သဘင်ပညာရှင်၊ အနုပညာရှင်များ ပါဝင်တင်ဆက်မည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၅ ရက်မှ ဗုဒ္ဓဟူးနေ့ ညနေ ၆နာရီသတင်းအပြီး ၌ ယင်းအစီအစဉ်ကို ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် စက်တင်ဘာ ၂၈

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၅)ကို စက်တင်ဘာ ၃၀ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၃၀၊ အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

"တူယှဉ်ရွှဲပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(၇) ပွဲစဉ်(၅)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် စက်တင်ဘာ ၂၈

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်ရွှဲပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် ၁၈ ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး အပတ်စဉ်သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့် အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဠာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု(၇) ပွဲစဉ်(၅)ကို စက်တင်ဘာ ၃၀ ရက်သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ လင်းလင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ထူးခန့်၊ ကယားပြည်နယ်မှ မေသူ၊ နေပြည်တော်မှ ကျော်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကြည်ဖြူခင်၊ ချင်းပြည်နယ်မှ ဖြိုးမင်းပိုင်၊ ကရင်ပြည်နယ်မှ ချိုသဲဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ နင်းပွင့်ဖြူနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် စုစုပေါင်းပြိုင်ပွဲဝင် ကိုးဦးတို့၏ ပြဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီသတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဟင်္သာတမြို့နယ်၌ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်

ဟင်္သာတ စက်တင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအား နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်လှိုင်က သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များနှင့် သင်ခန်းစာများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာနှင့် ခရိုင်ရုံးဝန်ထမ်းများ စုစုပေါင်း ၈၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုဇော်(ဟင်္သာတ)

မိုးနဲမြို့နယ်၌ ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

မိုးနဲ စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးငိုဘွယ်က အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာခိုင်မြဲစည်သူက ခွေးရူးရောဂါကာကွယ်ရေး သိကောင်းစရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၇ ဦး

တက်ရောက်ကြပြီး ခွေးကောင်ရေ ၅၀ ကို ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ အမေး/အဖြေများ

(ယမန်နေ့မှအဆက်)

97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်) က ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ မိသားစုသို့လွှဲငွေများကို တရားဝင်ဘဏ်များမှလွှဲနိုင်ရန် အလုပ်သမားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ အစည်းအဝေးပြုလုပ်သည်ကိုလည်း သိရှိရကြောင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို သိလိုကြောင်း မေးမြန်းသည်။

အာမခံချက်ရှိပြီး လုံခြုံစိတ်ချရသော ငွေလွှဲပြောင်းမှုမျိုးဖြစ်စေရန် ဆောင်ရွက်

ဗိုလ်ချုပ်ဇော်မင်းထွန်းက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပအလုပ်သမားအေဂျင်စီများမှ တစ်ဆင့် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ကြသူများကို နိုင်ငံခြားသို့မပို့မီ စည်းရုံး၍ တစ်ဦးချင်းဘဏ်အကောင့်များ ဖွင့်ပေးရန် စီစဉ်ထားကြောင်း၊ ပူးပေါင်းဆောင်ရွက်နေသည့် အေဂျင်စီများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် အာမခံချက်ရှိပြီး လုံခြုံစိတ်ချရသော ငွေလွှဲပြောင်းမှုမျိုးဖြစ်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အေဂျင်စီများကလည်း ပူးပေါင်းဆောင်ရွက်ရန် ပြောလိုကြောင်း၊ သွားရောက်အလုပ်လုပ်ကိုင်မည့်အလုပ်သမားများအနေဖြင့် ကန့်သတ်ထားခြင်းမျိုး မရှိကြောင်း၊ ဘဏ်၌ မဖြစ်မနေလဲရမည်ဟု မဆိုလိုကြောင်း၊ ကိုယ်တိုင်သုံးစွဲခြင်း၊ အခြားသူကို လွှဲပြောင်းပေးခြင်း၊ ဘဏ်ကိုရောင်းချခြင်းများရှိကြောင်း၊ ဘဏ်သို့ရောင်းချရာတွင် မကွာသောစျေးနှုန်းဖြင့် ရောင်းချပေးရမည်ဆိုသည်မှာ ဘဏ်အလိုက်ရှိကြောင်း၊ ယုံကြည်စိတ်ချနိုင်ကြောင်း၊ အေဂျင်စီများအနေဖြင့် မိမိနိုင်ငံသားများဖြစ်သောကြောင့် အကျိုးဆောင်ပေးကြရန် မိမိအနေဖြင့်တိုက်တွန်းလိုကြောင်း ပြန်လည်ဖြေကြားသည်။

နေပြည်တော် ဟစ်တိုင်သတင်းစုံ CEO ဦးသက်နိုင်ထွန်းက ပြီးခဲ့သည့်လ သတင်းစာရှင်းလင်းပွဲအပြီးနှင့် ယခု သတင်းစာရှင်းလင်းပွဲကြားတွင် ငွေစက္ကူ အတုပြဿနာနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများဖြစ်ပေါ်နေသည်ကို စုံစမ်းသိရှိရကြောင်း၊ ငွေစက္ကူအတုရောင်းဝယ်ခြင်း ပြုလုပ်သူများကို တိတိကျကျဖော်ထုတ်ဖြိုခွင်းခြင်းမပြုနိုင်ပါက ယင်းငွေစက္ကူအတုများသည် ပြည်သူလူထုကြားသို့ ရောက်ရှိပြီး မရှိဆင်းရဲသားများ၊ တိုင်းရင်းသားဒေသများရှိ ပြည်သူလူထုများသည် အတုမှန်းအစစ်မှန်းမသိဘဲ Wave Money ဆိုင်၊ မိသားစုအချင်းချင်း ဘဏ်တွင် ငွေသွားလွှဲခြင်း၊ စျေးဆိုင်တွင်စျေးဝယ်ရန် သုံးစွဲမိသည့်အခါမှ အတုမှန်းသိသဖြင့် အဖမ်းခံရနိုင်ကြောင်း၊ ထို့ကြောင့် ငွေစက္ကူအတုရောင်းဝယ်ခြင်းကိစ္စများ ပိုမိုရှိတွင်ကျယ်မှုမရှိလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အထူးကြပ်မတ်၍မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ငွေစက္ကူအတုကိစ္စနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲများတွင် ပြောပြီးဖြစ်ကြောင်း၊ အများအားဖြင့် လိမ်ညာမှုများဖြစ်ပြီး အမှန်တကယ် ၎င်းတို့တွင်ဘာမျှ မရှိကြောင်း၊ အွန်လိုင်းပေါ်မှ ငွေလိမ်ညာစားခြင်းဖြစ်ကြောင်း၊ ငွေစက္ကူအတုနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မည် ဆိုလျှင် စာရင်းဇယားများအရ အွန်လိုင်းပေါ်တွင် ပျံ့နှံ့နေသည့်နေရာများသည် ခြောက်ခုခန့်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များ လိုက်လံ

97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)

နေပြည်တော် ဟစ်တိုင်သတင်းစုံ CEO ဦးသက်နိုင်ထွန်း

Queen For Peace News Angency မှ အယ်ဒီတာချုပ် ဒေါ်မျိုးပပဖြိုးဝေလွင်

မြန်မာသံတော်ဆင့်ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး

စုံစမ်းသောအချိန်တွင် ငါးခုခန့်သည် အကောင့်အတုများဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းတို့နှင့် ဆက်သွယ်သောအချိန်တွင် အွန်လိုင်းမှ ငွေမည်မျှလွှဲပေးရန်ပြောပြီး လွှဲပြီးပါက ပြန်လည်ရရှိရန် အကြောင်းမရှိကြောင်း၊ ဗဟိုဘဏ်မှထုတ်သည့် နိုင်ငံတော်လုံခြုံရေးဆိုက်အရထုတ်သည့် ငွေစက္ကူကို အတုပြုလုပ်ခြင်းသည် အင်မတန်ခဲယဉ်းသောကိစ္စဖြစ်ကြောင်း၊ ငွေစက္ကူအတုသည် လုံခြုံရေးအရ သိသာကြောင်း၊ ငွေစက္ကူအတုနှင့်ပတ်သက်ပြီး ပျံ့နှံ့မှုတွင် ဖမ်းဆီးရမိသောအချိန်၌ အထုပ်အထည်ဖြင့်ဖမ်းဆီးရမိမှုမရှိကြောင်း၊ အဓိကအားဖြင့် ရောညှပ်သုံးစွဲခြင်း၊ ဘဏ်အပ်ငွေအထုပ်များထဲတွင် နှစ်ရွက်၊ သုံးရွက်စသည်ဖြင့်တွေ့နိုင်ကြောင်း၊ ပြည်သူလူထုနစ်နာသည်ကို မိမိတို့တွေ့ရကြောင်း၊ ပြည်သူလူထုအနေဖြင့် အွန်လိုင်းပေါ်တွင် လုပ်နေခြင်းများသည် အစစ်အမှန်မရှိသည်များသာဖြစ်သည်ကို အသိပေးလိုကြောင်း ပြန်လည်ဖြေကြားသည်။

Queen For Peace News Agency မှ အယ်ဒီတာချုပ် ဒေါ်မျိုးပပဖြိုးဝေလွင်က ကမ်းရိုးတန်းဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ကရသူရိမြို့နယ်အတွင်းရှိပြည်သူများမှာ ပင်လယ်ရေလုပ်ငန်းနှင့် ဥယျာဉ်တောင်ယာလုပ်ငန်းများလုပ်ကိုင်ကြပြီး အများစုမှာ ဥယျာဉ်တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဆီအုန်း၊ ရော်ဘာ၊ ကွမ်းသီး စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြသူများဖြစ်ကြောင်း၊ အဆိုပါတောင်သူများမှာ ရိုးသားစွာ ကြိုးစားလုပ်ကိုင်နေကြသူများဖြစ်ကြပြီး မိမိတို့မိဘများ၏ အမွေသော်လည်းကောင်း၊ မိမိ၏မြေယာ သော်လည်းကောင်း၊ မြေလွတ်မြေရိုင်းများပေါ်၌ လည်းကောင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးနေကြသူများ ဖြစ်ကြောင်း၊ သို့သော် အဆိုပါဥယျာဉ်ခြံစိုက်တောင်သူများမှာ ယနေ့အချိန်အထိ ၎င်းတို့၏ ပိုင်ဆိုင်မှုအထောက်အထား အနေဖြင့် မြေဂရမ်များ လုံးဝရရှိခြင်းမရှိသေးကြောင်း၊ ရရှိသူများမှာလည်း လူနည်းစုသာဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများကို တင်ပြလျှောက်ထားသော်လည်း ထူးခြားမှုမရှိသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မြေဂရမ် မရရှိသေးသဖြင့် အခက်အခဲများတွေ့ကြုံနေရသည့် ပြည်သူများအတွက် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက အယ်ဒီတာချုပ်ကြီးမေးမြန်းခဲ့သည့် မေးခွန်းနှင့် ပတ်သက်၍ ယခုသတင်းစာရှင်းလင်းပွဲတွင် မိမိဖြေကြားနိုင်သည့် မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ဖြေကြားပေးမည်ဖြစ်ကြောင်း၊ တချို့သောနေရာများတွင် လုပ်ထုံးလုပ်နည်းများအရ မှန်ကန်သော်လည်း မြေပြင်တွင် အခက်အခဲများ ကြုံတွေ့နေရသည့် အခြေအနေများရှိသည်ကို တွေ့ရကြောင်း၊ ၎င်းတို့ တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် ပတ်သက်သည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများထံ တစ်ပါတည်း တင်ပြပေးလိုက်စေလိုကြောင်း၊ ၂၀၁၈ ခုနှစ် မြေလွတ်မြေရိုင်း စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)အရ ရယူလုပ်ကိုင်အသုံးပြုလျက်ရှိသည့် မြေလွတ်မြေရိုင်းဧရိယာနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ မြေလွတ်မြေရိုင်း စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းသည့်နေ့မှစ၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီထံ သက်ဆိုင်ရာကော်မတီများမှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ကြောင်း။

စနစ်တကျစိစစ်ခြင်း လုပ်ငန်းများဆောင်ရွက်ပေး

တနင်္သာရီတိုင်းဒေသကြီးတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြေစာရင်းဦးစီးဌာန၏ ပြောပြချက်များအရ ဘုတ်ပြင်းခရိုင် ကရသူရိမြို့တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် လုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ (၁) ၄၈၅ စောင်ကို အခမဲ့ဖြန့်ဝေပေးထားသည်ဟု သိရကြောင်း၊ အဆိုပါလျှောက်လွှာပုံစံ(၁)ဖြင့် တိုင်းဒေသကြီး မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေးကော်မတီထံ လျှောက်ထားသူ ၄၈၅ ဦးရှိသည်ဟုသိရကြောင်း၊ မြေဧရိယာ အနေဖြင့် ၁၂၆၃၂ ဧကရှိသည်ဟုလည်း သိရကြောင်း၊ တောင်သူ ၄၀ ၏ မြေဧရိယာ ၃၉၇ ဒသမ ၄၅ ဧကကို မြေလွတ်မြေရိုင်း လုပ်ပိုင်ခွင့်ပြုသည်ဟု သိရကြောင်း၊ ကျန်ရှိသည့်ပုံစံ(၁)ဖြင့် လျှောက်ထားသူ ၄၄၅ ဦး၊ မြေဧရိယာ ၁၂၂၃၅ ဧကနှင့် ပတ်သက်၍ ကန့်ကွက်လွှာခေါ်ယူခြင်း၊ လျှောက်ထားသည့်နေရာများကို မြေပြင်ကွင်းဆင်းစိစစ်ခြင်းနှင့် မြေပုံရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေသည်ဟု သိရကြောင်း၊ ထပ်မံလျှောက်ထားလာသည့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် မြေဧရိယာ၈က ၃၀၀ နှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် မြေဧရိယာ ၈က ၅၀ တို့ကိုလည်း စနစ်တကျစိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ဟုလည်း ပြောထားကြောင်း။

မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများ၏လုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း နှစ်ရှည်ပင်စိုက်ပျိုး မြေဖြစ်ပါက ခုနစ်နှစ်၊ ဥယျာဉ်သီးနှံ စိုက်ပျိုးမြေဖြစ်ပါက ငါးနှစ်၊ ရာသီသီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပါက လေးနှစ်ဟု သတ်မှတ်ပေးထားကြောင်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့်သူများအတွက် ကုန်ကျစရိတ်များကိုလည်း သတ်မှတ်ပေးထားသည်ဟု သိရကြောင်း၊ မိမိအနေဖြင့် ယခုပြန်လည်ဖြေကြားခဲ့သည့် အချက်အလက်များကို အယ်ဒီတာချုပ်ကြီး မေးခွန်း ကြိုတင်မေးမြန်းစဉ်ကပင် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထံမှ တောင်းယူထားသည့် အချက်အလက်များဖြစ်ကြောင်း၊ မြေပြင်အခြေအနေများနှင့် ကွဲလွဲလျှင်လည်း ကွဲလွဲနိုင်ကြောင်း၊ မိမိဖြေကြားခဲ့သည့် အချက်အလက်များနှင့် မြေပြင်အခြေအနေ ကွဲလွဲသည့်အချက်များရှိပါက ယခုသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူထံ ပေးခဲ့စေလိုကြောင်း၊ ၎င်းတို့က ဆက်လက်ဆောင်ရွက်ပေးလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် မရှင်းလင်းသည့်အချက်များရှိပါက သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထံ မေးမြန်းနိုင်သည်ဟုလည်း ပြောထားကြောင်း၊ ပုံစံ(၁)ဖြင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍လည်း မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနှင့် အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဟု ပြောထားကြောင်း၊ အမှန်တကယ် မြေပြင်တွင်ဖြစ်နေသည့်အခြေအနေများကို တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ

97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)

နေပြည်တော် ဟစ်တိုင်သတင်းစုံ CEO ဦးသက်နိုင်ထွန်း

Queen For Peace News Angency မှ အယ်ဒီတာချုပ် ဒေါ်မျိုးပပဖြိုးဝေလွင်

မြန်မာသံတော်ဆင့်ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး

တာဝန်ရှိသူများထံ ပေးခဲ့စေလိုကြောင်း ပြန်လည်ဖြေကြားသည်။

မြန်မာသံတော်ဆင့်ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီးက ကယားပြည်နယ် မိုးဗြဲဒေသ၌ ကရင်နီလက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF များ ပူးပေါင်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များကို ဖျက်ဆီးခြင်းများ လုပ်ဆောင်နေသည်ဟု ကြားသိနေရကြောင်း၊ အဆိုပါ သောင်းကျန်းသူများ၏ ပစ်ခတ်မှုများကြောင့် ရှေးဟောင်းဘုရားများနှင့် နေအိမ်များ ပျက်စီးခြင်းများ ဖြစ်ပွားနေသည်ဟုလည်း မီဒီယာများက ဖော်ပြနေသည်ကိုတွေ့ရကြောင်း၊ မိုးဗြဲဒေသ၏ တည်ငြိမ်အေးချမ်းမှု အခြေအနေကို သိလိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အကြမ်းဖက်သောင်းကျန်းသူများက Drone များကိုအသုံးပြု၍ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဘုန်းကြီးကျောင်းများကိုလည်း တိုက်ခိုက်နေကြသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ Drone ဖြင့် တိုက်ခိုက်နေမှုများကို မည်ကဲ့သို့ ကာကွယ်ပေးမည်ကို သိလိုကြောင်း၊ ထို့ပြင် Drone များ သယ်ဆောင်လာသူများကို ထိရောက်စွာဟန့်တားနိုင်မည့် ပြစ်ဒဏ်များချမှတ်ရန် လုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း၊ အခြားမေးခွန်းတစ်ခုအနေဖြင့် M-Tube ကို မည်သည့်အချိန်တွင် စတင်အသုံးပြုမည်ကိုသိလိုကြောင်း၊ ၁၉-၉-၂၀၂၂ ရက်ကနိုင်ငံပိုင်သတင်းစာများတွင် M-Tube ၏ Trademark ကို ကြေညာထားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မည်သည့် အဆင့်အထိရောက်နေပြီနှင့် မည်သည့် အချိန်တွင် စတင်အသုံးပြုနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

စာမျက်နှာ ၁၇ သို့ ◆

◆ စာမျက်နှာ ၁၆ မှ

Anti-Drone Gun များ တပ်ဆင်ပေးလျက်ရှိ

ဗိုလ်ချုပ်ဇော်မင်းထွန်းက ကယား ပြည်နယ်အတွင်းရှိ မိုးဗြဲဒေသနှင့် အောက်ဘက်မှ ဖယ်ခုံဒေသများအပါ အဝင် ဒေသအချို့၌ ငြိမ်းချမ်းမှုမရှိသေး ကြောင်း၊ လွှိုင်ကော်ဒေသမှာမူ ယခင်က မြို့ပေါ်တွင်ပင်လျှင် လူမရှိသည့်အခြေ အနေမှ ယခုနောက်ပိုင်းတွင် ပြန်လည် ဝင်ရောက် နေထိုင်နေကြပြီဖြစ်ကြောင်း၊ သို့သော်အောက်ပိုင်းတွင်ရှိနေသည့် ဖယ်ခုံ ကဲ့သို့သောနေရာများတွင်မူ လာရောက် ပစ်ခတ်တိုက်ခိုက်မှုများ ရှိနေဆဲ ဖြစ်ကြောင်း၊ KNPP နှင့် ပတ်သက်ပါက ထိုအဖွဲ့အစည်းအနေဖြင့် ယခင်ကတည်း ကပင် မြို့ပေါ်မှထွက်ပြေးတိမ်းရှောင် သွားသည့် လူငယ်လူရွယ်များကို လက်ခံ၍ အကြမ်းဖက်လုပ်ရပ်များကို သင်ကြား ပေးနေသည့် အဓိကအဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများ ဆောင်ရွက် လျက်ရှိသည်ဟုပြောလိုကြောင်း၊ Drone များနှင့် ပတ်သက်ပါက မိမိတို့အနေဖြင့် သက်ဆိုင်ရာ အရေးကြီးသည့်နေရာများ နှင့် လူနေအဆောက်အအုံများကို Anti-Drone Gun များ တပ်ဆင်ပေးလျက်ရှိ ကြောင်း၊ အားလုံးအပြည့်အစုံ တပ်ဆင် နိုင်ခြင်းမရှိသေးကြောင်း၊ Drone များ မှာလည်း ရိုးရိုးပစ်ချ၍ရသည့် Drone များ မဟုတ်ဘဲ Anti-Drone Gun ဖြင့်သာ ပစ်ချနိုင်သည့် Drone များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ထိုကိစ္စများကို တိုးချဲ့ ဆောင်ရွက်လျက်ရှိသည်ဟုသာ ပြောလို ကြောင်း၊ M-Tube ကိစ္စနှင့်ပတ်သက်၍

နေပြည်တော်အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာချုပ်ဦးမင်းမောင်

ပြောရမည်ဆိုပါက လုပ်ဆောင်နေဆဲ လုပ်ငန်းတစ်ခုအဆင့်တွင်သာ ရှိသေး ကြောင်း၊ မှတ်ပုံတင်ထားပြီး လုပ်ငန်းစဉ် များစွာ ကျန်ရှိနေသေးကြောင်း၊ တိုးချဲ့ လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် လက်တွေ့အသုံးပြုရမည့် လုပ်ငန်းများ ရှိသေးကြောင်း၊ လက်တွေ့အသုံးပြုနေ သည့် လူမှုကွန်ရက်စာမျက်နှာများနှင့် ဝက်ဘ်ဆိုက်များပင်လျှင် အသုံးပြုနေရင်း ဖြင့် ၎င်းတို့၏လိုအပ်ချက်များကို ထပ်မံ ဖြည့်စွက်နေရကြောင်း၊ M-Tube ၏ လက်ရှိအခြေအနေမှာ စမ်းသပ်ဆဲအဆင့် တွင်သာ ရှိသေးသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

နေပြည်တော်အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမင်းမောင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ပြည်တွင်း မီဒီယာများအား ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို အစီအစဉ်ဆွဲ၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နှစ်ကြိမ်အထိ ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ယခုနောက်ပိုင်း ဆက်လက်ထိုးနှံပေးခြင်း မရှိသဖြင့် ဆက်လက်ထိုးနှံပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ၏ တရားဝင်သတင်းထုတ်ပြန်ချက်များ အရ စက်တင်ဘာလ ဒုတိယအပတ်တွင် ကိုဗစ်ကူးစက်မှုများ မြင့်တက်လာသည် ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့ မြင့်တက်လာ မှုအပေါ် ကြိုတင်ကာကွယ်တားဆီးနိုင် ရန်အတွက် အစိုးရအနေဖြင့် ကာကွယ် ဆေးများ လုံလောက်စွာကြိုတင်ပြင်ဆင် ပြီးဖြစ်၊ မဖြစ်သိလိုကြောင်း၊ မည်သည့် အတိုင်းအတာအထိ ပြင်ဆင်ပြီးဖြစ်သည် ကို သိလိုကြောင်း မေးမြန်းသည်။

Myancopharm ကိုဗစ်-၁၉ ကာကွယ်ဆေးကို လစဉ်တွက်ချက်၍ ထုတ်လုပ်လျက်ရှိ

ဗိုလ်ချုပ်ဇော်မင်းထွန်းက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ဆေး ဝယ်ယူခြင်းနှင့် ကာကွယ်ဆေးထုတ်လုပ် နိုင်ရန် လုပ်ဆောင်နေသည့်အခြေအနေ များကို ယခင်သတင်းစာရှင်းလင်းပွဲများ တွင် ကျယ်ကျယ်ပြန့်ပြန့်ပြောပြီး ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ် နိုင်ငံနှင့်ပူးပေါင်း၍ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန်အတွက် လုပ်ဆောင်ပြီး ဖြစ်ကြောင်း၊ Myancopharm အမှတ် တံဆိပ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လစဉ်တွက်ချက်၍ ထုတ်လုပ်လျက်ရှိ ကြောင်း၊ ဝယ်ယူထားပြီး ရောက်ရှိရန် ကျန်နေသည့် ကာကွယ်ဆေးများလည်း ရှိပါကြောင်း၊ ကာကွယ်ဆေးလုံလောက်မှု ရှိသည်ဟုပြောလိုကြောင်း၊ ကာကွယ်ဆေး ထိုးနှံမှုအခြေအနေနှင့် ကာကွယ်ဆေး လုံလောက်မှုအခြေအနေ အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ သန်းနိုင်စိုးက ရှင်းလင်းပေးမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ သန်းနိုင်စိုးက ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးရရှိမှုအခြေအနေဖြင့် ဝန်ကြီးဌာန အနေဖြင့်ရရှိမှု ၈၁ ဒသမ ၄၉ သန်းကျော် ရရှိပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေ ဖြင့် တပ်မတော်နှင့် ပုဂ္ဂလိကကဏ္ဍမှ ကာကွယ်ဆေးများကိုပါ ထည့်တွက်မည် ဆိုပါက စုစုပေါင်း ၈၃ ဒသမ ၁၂ သန်း ကျော် Dose ရရှိပြီးဖြစ်ကြောင်း၊ ထိုကာကွယ်ဆေးများကိုလည်း ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း၊ ထိုသို့ထိုးနှံပေး ရာတွင် အသက် ငါးနှစ်မှ (၁၈) နှစ်အရွယ် အထိ အကျိုးဝင်သူများအားလုံးကို ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပေး လျက်ရှိကြောင်း၊ အသက် (၁၂) နှစ်မှ (၁၈) နှစ်အရွယ် အခြေခံပညာကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီး၍ ခြောက်လပြည့်ပြီးချိန်တွင် ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံ ပေးလျက်ရှိကြောင်း၊ ထို့ပြင် အသက် (၁၈) နှစ်ပြည့်ပြီးသူအားလုံးကိုလည်း အကြိမ်ပြည့်ထိုးပေးလျက် ရှိသည့်အပြင် အကြိမ်ပြည့်ထိုးနှံပြီးစီး၍ ခြောက်လ ပြည့်သည့်အချိန်တွင် ထပ်ဆောင်း ကာကွယ်ဆေးအဖြစ် ထိုးနှံပေးသည့် အပြင် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ ပြီးစီး၍ နောက်ထပ်ခြောက်လပြည့်သည့် အချိန်တွင်လည်း အပိုထပ်ဆောင်း ကာကွယ်ဆေးအဖြစ် ထိုးနှံပေးလျက်ရှိ ကြောင်း၊ မိမိတို့တွင် ကာကွယ်ဆေး လက်ကျန်ပမာဏ သန်းနှင့်ချီ၍ ကျန်ရှိ နေသေးကြောင်း၊ မကြာမီရောက်ရှိလာ မည့် ကာကွယ်ဆေးအရေအတွက်မှာ လည်း သန်းပေါင်းများစွာရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ကာကွယ်ဆေးရရှိ မှုနှင့် ထိုးနှံမှုအပေါ် စိတ်ပူရန်မလိုဘဲ လာရောက်ထိုးနှံကြရန် အလွန်အရေးကြီး ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံထားခြင်း မရှိသည့် အုပ်စုများတွင်သာ ရောဂါ ဖြစ်ပွားမှုနှင့် ရောဂါပြင်းထန်မှုကို တွေ့မြင်နေရကြောင်း၊ ကာကွယ်ဆေး ထိုးနှံထားသည့်အုပ်စုများနှင့် Booster ဆေးထိုးနှံထားသည့် အုပ်စုများတွင် ရောဂါဖြစ်ပွားမှုနည်းပါးသကဲ့သို့ ရောဂါ ပြင်းထန်ခြင်းနှင့် သေဆုံးမှုအခြေအနေ အင်မတန် နည်းပါးကြောင်းကိုလည်း တင်ပြအသိပေးပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးများကို မဖြစ် မနေထိုးနှံကြရန်နှင့် ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံမှုများကိုလည်း မဖြစ် မနေထိုးနှံကြရန် အလွန်အရေးကြီးပါ ကြောင်း၊ ထို့အတွက် ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနရုံးများ၊ တိုင်း အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဒေသန္တရကျန်းမာရေးဌာနများ၊ စာသင် ကျောင်းများ၊ ပြည်သူ့ဆေးရုံများကို အခြေပြု၍ ကာကွယ်ဆေးထိုးစုရုပ်များ ဖွင့်လှစ်ထားပါကြောင်း၊ ထို့ပြင် လူစု လူဝေးရှိသည့် ဘိုးဘွားရိပ်သာများ၊ လူအများ စုဝေးမှုရှိသည့်နေရာများနှင့် အားကစားသမားများ လေ့ကျင့်သည့် နေရာများတွင် ရွှေ့လျားကာကွယ်ဆေး ထိုးစုရုပ်များအဖြစ် လိုက်လံထိုးနှံပေး လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူ လူထုအနေဖြင့် ကာကွယ်ဆေးထိုး စုရုပ်များ၊ နီးစပ်ရာကျန်းမာရေးဌာနများ အပြင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ နှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြရန် ထပ်မံ ပြောကြားလိုကြောင်း ပြန်လည်ဖြေကြား သည်။ ။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၉-၂၀၂၂ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွှိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၉၀	၂၁၄၀	၂၁၃၀	၂၁၀၀	၂၁၃၅	၂၁၆၀	၂၁၄၅	၂၁၂၅	၂၂၁၅	၂၂၃၀	၂၁၃၀	၂၁၄၀	၂၁၇၅	၂၁၇၅	၂၁၇၅	၂၃၉၅	၂၈၉၀
95 Ron	၂၁၆၅	၂၂၁၀	၂၂၁၀	၂၁၇၅	၂၂၁၀	၂၂၃၀	၂၂၂၀	၂၁၉၅	၂၂၉၀	၂၃၀၅	၂၂၀၀	၂၂၂၀	၂၂၄၅	၂၂၄၅	၂၂၅၀	၂၄၇၀	၂၉၈၀
HSD (500 ppm)	၂၅၂၅	၂၅၇၀	၂၅၇၀	၂၅၃၀	၂၅၇၀	၂၅၉၀	၂၅၈၅	၂၅၅၅	၂၆၇၀	၂၆၆၅	၂၅၆၀	၂၅၇၅	၂၆၀၅	၂၆၀၅	၂၆၁၀	၂၈၂၅	၃၅၆၀
HSD (50 ppm)	၂၆၁၀	၂၆၅၅	၂၆၅၅	၂၆၁၅	၂၆၅၅	၂၆၇၅	၂၆၇၀	၂၆၄၀	၂၇၅၅	၂၇၅၀	၂၆၄၅	၂၆၆၀	၂၆၉၀	၂၆၉၀	၂၆၉၅	၂၉၁၀	၃၅၉၀
HSD (10 ppm)	၂၆၁၀	၂၆၅၅	၂၆၅၅	၂၆၁၅	၂၆၅၅	၂၆၇၅	၂၆၇၀	၂၆၄၀	၂၇၅၅	၂၇၅၀	၂၆၄၅	၂၆၆၀	၂၆၉၀	၂၆၉၀	၂၆၉၅	၂၉၁၀	၃၅၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၉၀	၂၀၆၄
95 Ron	၂၀၆၁	၂၁၃၆
HSD (500 ppm)	၂၄၁၅	၂၄၉၃
HSD (50 ppm)	၂၄၉၃	၂၅၇၂
HSD (10 ppm)	၂၄၉၃	၂၅၇၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၀၁၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၁ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၉-၂၀၂၂) ရက်နေ့ ည(၈:၀၀)နာရီမှ (၂၈-၉-၂၀၂၂)ရက်နေ့ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၀၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၁၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၄၃,၇၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၂,၄၂၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၂၅၀)ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၇,၆၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၇-၉-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၅၅၉,၃၀၇) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၆၁၂,၃၈၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀) ရာခိုင်နှုန်းမှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေ အနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၇-၉-၂၀၂၂ ရက်နေ့အထိ)

အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၃၀,၅၅၉,၃၀၇
အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၆,၆၁၂,၃၈၉

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏		
၈၁.၄ ရာခိုင်နှုန်းသည်	၁၇.၂ ရာခိုင်နှုန်းသည်	၁.၄ ရာခိုင်နှုန်းသည်
ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။	ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။	ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၇၉,၉၁၄,၄၉၄	၉,၄၇၆,၃၀,၉၃	၁၀,၈၂၂,၈၆
၂။	အိန္ဒိယ	၄,၄၅၇,၉,၀,၈	၄,၄,၀,,,

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၂၂ ခုနှစ် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၆ ရက်မွန်းလွဲပိုင်းက ရန်ကုန်မြို့သဃင်္ဂန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။ အမျိုးသားခြောက်ပေါက်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ အသင်းများ၊ တတိယဆုရ ရွှေပြည်စိုး(မန္တလေး) အသင်း၊ ဒုတိယဆုရ ချစ်ကြည်ရေး(လှိုင်သာယာ)အသင်း၊ ပထမဆုရ UTH Club အသင်းတို့မှ တစ်ဦးချင်းဆုနှင့် ငွေသားဆုများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်း၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယ ဥက္ကဋ္ဌများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားခြောက်ပေါက်တန်း ပြိုင်ပွဲတွင် တက်သစ်စဆုရရှိသော UTH Club အသင်းမှ ထက်မြက်ကျော်နှင့် ဇွဲမာန်(မုဒုံ)အသင်းမှ သန့်ကိုကိုအောင်နှင့် အကောင်းဆုံး အားကစားသမားဆု ရရှိသော ရွှေပြည်စိုးအသင်းမှ ခန့်ညီညီတို့အား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသား(၁၀) ပေါက်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရအသင်းများအား တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က လည်းကောင်း၊ အကောင်းဆုံး အားကစားသမား ဆုရရှိသော ကာကွယ်ရေးအသင်းမှ ရဲထက်ဝင်းအား တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက လည်းကောင်း ဆုများချီးမြှင့်ကြပြီး တတိယဆုရ Lucky Top အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသား(၁၀) ပေါက်တန်းပြိုင်ပွဲတွင် ဒုတိယဆုရ ကာကွယ်ရေးအသင်းနှင့် ပထမဆုရ ပဒေသာ(ပြင်ဦးလွင်)အသင်းတို့မှ ကစားသမားများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဗလစိုး**

ဟုမ္မလင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှုန်းများ စိုက်ပျိုးဧက ၉၀၉၈၆ စိုက်ပျိုးနိုင်ခဲ့

ဟုမ္မလင်း စတင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှုန်းများ စိုက်ပျိုးဧက ၉၀၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးထံမှ သိရသည်။

ဟုမ္မလင်းမြို့နယ်၌ နှံစားသီးနှံ လျာထား ဖြင့်၃၄၄ဧက၊ ပဲအမျိုးမျိုး ၁၉၅ ဧက၊ ဆီထွက်သီးနှံ ၁၃ ဧကနှင့် စက်မှုသီးနှံ ၈၂၄၁ ဧက၊ ကွမ်းသီးနှင့်ကွမ်းရွက် ၂၈၈ ဧက၊ ဟင်းခက်အမွှေးကြိုင် ၂၀၅ ဧက၊ အခြားစားသုံးပင်သီးနှံများဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ အုန်း၊ သစ်သီးပင်များမှာ စုစုပေါင်း ဧက ၁၂၇၅ ဧက ရှိပြီး မိုးသီးနှံ ဧက စုစုပေါင်း ၉၀၂၉၆ ဧက လျာထားပြီး မိုးစပါးစိုက်ပျိုးပြီး ဧက ဖြင့်၁ဖြ၀ နှင့် မိုးသီးနှံများ စိုက်ပျိုးဧကပေါင်း ၉၀၉၈၆ စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးနိုင်မှုရာခိုင်နှုန်းမှာ ၁၀၀ ဒသမ ၇ဖ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

လင်းလင်း(ပြန်/ဆက်)

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၆ ရက်က တပ်ဖွဲ့ဝင်အရာရှိ ၂၁ ဦး၊ အခြားအဆင့် ၄၉ ဦး၊ စာရေးဝန်ထမ်း နှစ်ဦး စုစုပေါင်း ၇၂ ဦးမှ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းစဉ်။

သတင်းစဉ်

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်သန်း ဦးစီး၍ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၈ ရက် နံနက် ၈နာရီက သုံးခွမြို့နယ် အထက(၂) စာသင်ကျောင်းအတွင်း၊ အပြင်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

မြဝတီမြို့ အခြေခံပညာမူလတန်းကျောင်းတွင် အာဟာရပြည့်နှားနို့နှင့် ကြက်ဥ တိုက်ကျွေး

မြဝတီ စက်တင်ဘာ ၂၈

ကရင်ပြည်နယ် မြဝတီမြို့ ဌေ့ရှမ်းကျေးရွာအုပ်စု ညောင်ကုန်းသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ယမန်နေ့က ကျောင်းသား

ကျောင်းသူ ၁၃၀ တို့အား အာဟာရပြည့်နှားနို့နှင့် ကြက်ဥတို့ကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ကလေးငယ်များ အာဟာရပြည့်ဝစေရန် နှားနို့နှင့် ကြက်ဥ တိုက်ကျွေးပေးခြင်းကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင့်လွင်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းဝင်းအောင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

■

ပုသိမ်မြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

ပုသိမ် စက်တင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၁ဖ)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပုသိမ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။

ခွေးမှတစ်ဆင့် ကျန်ရှိခွေးများသို့ ခွေးရူးရောဂါ ကူးစက်ခြင်းမရှိစေရန် တိရစ္ဆာန်မှတစ်ဆင့် လူသို့ ခွေးရူးရောဂါကူးစက်မှု မဖြစ်စေရန်နှင့် "ခွေးရူးရောဂါကင်းစင် မြန်ပြည်တစ်ခွင် ၂၀၃၀ တွင်" ဆောင်ပုဒ်နှင့်အညီ သက္ကရာဇ်၂၀၃၀ တွင် ခွေးရူးရောဂါလျော့နည်းပျောက်သွားစေရန်ရည်ရွယ်၍ ခွေးနှင့် ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်မှ၂၈ ရက်အထိ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်၌ ဟင်းသီးဟင်းရွက်နှင့် ငါးများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်နှင့် ငါးများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း လုပ်ငန်းကို ယနေ့နံနက် ၇ နာရီက အမှတ်(၉)ရပ်ကွက် စံပယ်လမ်းထိပ်နှင့် အမှတ်(၁၃) ရပ်ကွက် ဗိုလ်မင်းရောင်လမ်းဆုံ၌ ရောင်းချပေးသည်။

ရောင်းချပေး

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်ဝိုးနှင့်တာဝန်ရှိသူများ၊ မြို့နယ် ငါး၊ ပုစွန်လုပ်ငန်းရှင်များက မြို့နယ်အတွင်းရှိ အခြေခံလူတန်းစားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဟင်းသီးဟင်းရွက်နှင့် ငါးမြစ်ချင်းကုန်ချိန်ပိသာ ၁ဖ၀၊ ပုစွန်ကုန်ချိန်ပိသာ ၃၀ အား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

မြန်မာအမျိုးသမီးလိုက်ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းများကို မြန်မာနေရှင်နယ်လိုက်ကော်မတီဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိုက်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၂ မြန်မာအမျိုးသမီးလိုက်အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီးကလပ်အသင်းပိုင်ရှင်/ဥက္ကဋ္ဌများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနေရှင်နယ်လိုက် ကော်မတီဥက္ကဋ္ဌက တွေ့ဆုံနှုတ်ဆက်ခြင်းနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်နှင့် မြန်မာနေရှင်နယ်လိုက်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်နှင့် မြန်မာနေရှင်နယ်လိုက်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိုက်မှ တာဝန်ရှိသူများ၊ ကလပ်အသင်းပိုင်ရှင်/ဥက္ကဋ္ဌများ၊ အသင်းအမှုဆောင် အရာရှိချုပ်များနှင့် အသင်းတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် အမျိုးသမီးလိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ လာမည့်နှစ် အမျိုးသမီးလိုက်ပြိုင်ပွဲအား ယခုထက်ပိုမို ကျယ်ကျယ်ပြန့်ပြန့်ကျင်းပနိုင်ရေး ကြိုတင်စီမံကိန်းရေးဆွဲထားသည့် အခြေအနေများ၊ ပြိုင်ပွဲဝင်အသင်းများအတွက် လေ့ကျင့်ရေးကွင်းနှင့် ပြိုင်ပွဲကျင်းပရေးကွင်းအခက်အခဲ မဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အမျိုးသမီးလိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ဗဟန်းမြက်ခင်းတုကွင်းနှင့် သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်း(၁)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အား/ကာသိပ္ပံအက်ဖစ်၊ မြဝတီအက်ဖစ်၊ သစ္စာအားမာန်အက်ဖစ်၊ YREO FC၊ Sports & Education FC၊ Young Lionesses FC နှင့် Tanintharyi FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသော အသင်းသည် လာမည့်နှစ် AFC Women's Club Championship ပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ **သတင်း-ကိုညီလေး**

ဓာတ်ပုံ-MNL

ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်နယ်အတွင်း နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရန် ရည်ရွယ်၍ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

"လှာကမြင် ကွက်သစ်မှာရှိတဲ့ ဇွဲကပင်အားကစားကွင်း အထူးတန်းပွဲကြည့်စင်ဟောင်း ဖျက်သိမ်းပြီးတော့ အနောက်ဘက်အထူးတန်း ပွဲကြည့်စင်အသစ် ဆောက်လုပ်ခြင်း၊ မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းခြင်းနဲ့ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်း၊ အရှေ့ဘက်၊ တောင်ဘက်နဲ့ မြောက်ဘက် ပွဲကြည့်စင် အသစ်တည်ဆောက်ခြင်း၊ LED Score Board တပ်ဆင်ခြင်း၊ ဘောလုံးကွင်း Inner Fencing ကာရံခြင်းနဲ့ အားကစားကွင်း ပြင်ပမီးရရှိရေးအတွက် 315 Kva Transformer 11kva လိုင်း တပ်ဆင်ခြင်း လုပ်ငန်းများကို အားလုံး ဆောင်ရွက်ပြီးသွားပါပြီ၊ ဒီကွင်းသစ်ကြီးဟာဆိုရင် ပရိသတ်ဦးရေ ၈၂၅၁ ဦး လာရောက်ကြည့်ရှုလို့ရတဲ့ အားကစားကွင်းကြီး ဖြစ်သွားပါပြီ"ဟု ပြည်နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

ဇွဲကပင် အားကစားကွင်း အဆင့်မြှင့်တင် တည်ဆောက်ရခြင်းဖြင့် ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ အားကစားကဏ္ဍတွင် စိတ်အားထက်သန်လာစေပြီး ပြည်နယ်လက်ရွေးစင်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အဖြစ် ပေါ်ထွက်လာနိုင်စေရုံသာမက မူးယစ်ဆေးဝါးကိစ္စရပ်များကင်းဝေးကာ စာရိတ္တကောင်းမွန်သည့် ပြည်နယ်အကျိုးပြု အားကစားသမားများ ပေါ်ထွက်လာမည်ဖြစ်သည်။ **စောကျော်မိုး**

စက်မှုလုပ်ငန်းလမ်းညွှန်စာအုပ်များ အခမဲ့ရယူနိုင်

ရန်ကုန် စက်တင်ဘာ ၂၈

Myanmar Industry Guide (စက်မှုလုပ်ငန်းလမ်းညွှန်စာအုပ်) လိုအပ်သူများသည် မိမိလုပ်ငန်းလိပ်စာကတ်ပေးကာ အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ စက်မှုလုပ်ငန်းလမ်းညွှန်စာအုပ် လိုအပ်သူများသည် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း သွားရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

Myanmar Industry Guide (စက်မှုလုပ်ငန်းလမ်းညွှန်စာအုပ်) ထုတ်ယူလိုသူများသည် ရွှေပြည့်စုံဈေး၊ ၈လွှာ၊ မဂ်လာတောင်ညွှန့်မြို့နယ် ရန်ကုန်ဖုန်း-၀၉-၄၄၈၀၁၀၆၆၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

စက်မှုလုပ်ငန်းလမ်းညွှန်စာအုပ်ကို ၂၀၀၈ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းအချက်အလက်ပေါင်း ၁၀၀၀၀၀ ကျော်ကို လွယ်လင့်တကူ ရှာဖွေသိရှိနိုင်သည်။

Industry Guide Website ဖြစ်သည့် https://www.industrialdirectory.com.mm/ တွင်စက်မှုလုပ်ငန်းနှင့် သက်ဆိုင်သော ပြည်တွင်းပြည်ပ သတင်းများ၊ ဗဟုသုတနှင့် အကြောင်းအရာများကို Automobile Guide Website နှင့် Facebook Page တွင် အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အ.ထ.က(ခွဲ) ကြီးအင်း Grade-8 (သင်ရိုးသစ်)မှ မောင်ဖြိုးဇော်ဦး(၁)၏ ဖခင်အမည်မှာ ဦးစိုးဝင်း (ဇ/တကန(နိုင်)) ၂၃၄၄၈၈) ဖြစ်ပါကြောင်း။

ဦးစိုးဝင်း

အများသိစေရန် နာမ်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၁) လမ်း၊ မြေကွက်အမှတ်(၂၂၄)ဟု ခေါ်တွင်သော ပေ(၄၀x၆၀)အကျယ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၃)ထပ်တိုက်၏ မြေညီထပ်ခြေရင်းဘက်ခြမ်း၊ အခန်းအမှတ်(ဘီ-၁)၊ ပေ(၁၇x၅၅)အကျယ်ရှိ တိုက်ခန်း ဥပစာနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြေရင် ဦးဌေးဝင်း[၁၂/တမန(နိုင်)၀၄၀ ၇၆၆]နှင့် ကန်ထရိုက်တာ ဦးထူးသူရိန်[၁၂/ကမရ(နိုင်)၀၅၇၅၆]တို့ ပြုလုပ်ချပ်ဆိုထားသော နာမ်ထရိုက်စာချုပ်အရ ကန်ထရိုက်တာဖြစ်သူ ဦးထူးသူရိန်က အကျိုးခံစားခွင့်ရရှိထားသော တိုက်ခန်းနဲ့ဖြစ်ပြီး ယခုရောင်းချသူ ဦးသီဟအောင်[၈/ခမန(နိုင်)၁၃၀၁၈၇]က ကန်ထရိုက်တာထံမှ ယူအေဘီဘဏ်နှင့်ချိတ်ဆက်၍ အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူလက်ဝယ်ရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို နာမ်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း နာမ်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း နာမ်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစွမ်းထက်ပိုင် — **ခေါ်ဝိုးစောနည်ဝင်း**

တရားလွတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆) — **အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅)**

LL.B, DBL, DIL, MA(Business Law) — **LL.B**

ဖုန်း-၀၉-၄၃၀၉၄၆၇၂ — **ဖုန်း-၀၉-၇၉၃၈၉၀၄၉၂**

တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာဗြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ နဝေးအိမ်ယာ၊ (၆)ရပ်ကွက်၊ Block 95/A၊ အခန်း(၃)၊ မြေတွက်အကျယ်အဝန်း(၁၇ပေx၆၀ပေ)၊ မြေတိုင်း ရပ်ကွက်အမှတ် (၄)၊ အဆင့်(၃)၊ အမျိုးအစား(၄ထပ်ဆိုင်ခန်း) နှင့်တကွ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာမာလွင်(၁၄/ကလန(နိုင်)၀၀၂၂၈၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဒေါ်အေးမြင့်၏လွှဲအပ်ချက်အရ — "တရားလွတ်တော်ရှေ့နေများ"

ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂) — **ဦးဇောင်နိုင်ထူး (စဉ်-၁၃၅၇၇)**

LL.B.,D.B.L.,D.L.L — **LL.B., WIPO (Switzerland)**

Good Friend Consultant Law Firm

အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Ph: 01 385205, 09 420088970.

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ ဗိုးမခ(၁)လမ်း၊ မြေကွက်အမှတ်-၁၁၅၀၊ ဦးအောင်သန်း (W/RGN-019681) အမည်ပေါက် ပေ(၄၄x၆၀) နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မဟုမစိတ်ရသေးသော အကျယ် ပေ(၂၀x၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးအောင်သန်း (W/RGN-019681) [၁၂/သဃက(နိုင်)၀၂၂၉၂] မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမိုမိုဆောင် [၁၀/မလမ(နိုင်)၀၄၄၃၄] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း နိုင်ငံလုံးသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၁၄)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အဆို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)

ဖုန်း-၀၉-၄၂၁၁၁၄၈၃၊ ၀၉-၈၆၃၃၁၂၂၅

အမှတ်-၁၂၀၈၊ မထီစန္ဒာလမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ဝမ်း) မြို့နယ်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈၃) ရပ်ကွက်၊ ဘုမ္မာ(၂)လမ်း၊ အမှတ် (၆၄၀၃) ဟုခေါ်တွင်သော (အလျားဝ၀ပေx အနံ၆၀ပေ)ရှိ အိမ်နှင့် မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြောင်းသူများဖြစ်သည့် (၁) ဦးမြင့်သိန်း [၁၂/ဥကမ(နိုင်)၀၂ ၁၇၂၁] (၂) ဒေါ်သိဂီမြင့် [၁၂/ဥကမ(နိုင်)၀၂၁၅၈] တို့ပြုလုပ်ချပ်ဆိုထားသော ကန်ထရိုက်စာချုပ်အရ ကန်ထရိုက်တာဖြစ်သူ ဦးထူးသူရိန်က အကျိုးခံစားခွင့်ရရှိထားသော တိုက်ခန်းနဲ့ဖြစ်ပြီး ယခုရောင်းချသူ ဦးသီဟအောင်[၈/ခမန(နိုင်)၁၃၀၁၈၇]က ကန်ထရိုက်တာထံမှ ယူအေဘီဘဏ်နှင့်ချိတ်ဆက်၍ အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူလက်ဝယ်ရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို နာမ်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း နာမ်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း နာမ်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ

ဒေါ်နှင်းမွှင့်လှိုင် — **ဦးညွှန့်လှိုင်**

LL.B — **LL.B**

တရားလွတ်တော်ရှေ့နေ (စဉ်-၁၀၇၄၄) — **တရားလွတ်တော်ရှေ့နေ (စဉ်-၂၇၀၆)**

အမှတ်(၃၃၀)၊ ဥဇ္ဇနာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၃၂၈၇၊ ၀၉- ၇၆၁၅၃၃၀၆

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ လွန်ကျော်လမ်း၊ မြေကွက်အမှတ်(၄၀၉)၊ ဒေါ်စွမ်အမည်ပေါက် နှစ်(၆၀)မြေဌားကရန်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)အနက်မှ (မြေကွက်အမှတ်-၄၁၀ နှင့် ကပ်လျက်အခြမ်း)ရှိ တရားဝင် မဟုမစိတ်ရသေးသော မြေအကျယ် ပေ(၂၀x၆၀)၊ ၁၂၀၀- စတုရန်းပေ၊ (၀.၀၂၇)ဧကရှိသည့်မြေနှင့် ယင်းမြေပေါ်ရှိနေအိမ် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးသန်းဝင်း [၈/ပခက(နိုင်)၁၅၀၄၃၇]+ ဒေါ်သီတာမြင့်စိန် [၁၂/ဥကတ(နိုင်)၁၅၃၃၄]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှေ့ပိုင်အရှင်း တစ်စုတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေမှ ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့် ရက်မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြကြီး (H.G.P, LL.B)

တရားလွတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)

ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။

ဖုန်း-၀၉- ၅၄၀၇၂၂၉

တိုက်ခန်းအရောင်းအဝယ် နာမ်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၃၈၊ ၇-လွှာ/Ai (ခေါင်းရင်းခန်း)ဟု လိပ်စာတွင်သည့် တိုက်ခန်းနှင့်ပတ်သက်၍ လက်ဝယ်ထား အကျိုးခံစားလျက်ရှိကြောင်း မြွက်ဟကြေညာသူ ဒေါ်စန်းစန်းယု [၁၂/လမန(နိုင်)၁၁၃၃၆]၊ ၎င်းကိုယ်စား လက်မှတ်ရေးထိုးသူ ဦးဝင်းမောင် [၇/ဒဥန(နိုင်)၀၈၂၀၅]တို့ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေကတိုက်ခန်း၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ကာလအတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အား ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးသော်တာလင်း — **ဦးသိန်းစံ LL.B**

[၁၂/ဗတထ(နိုင်)၀၃၈၀၀၆] — **အထက်တန်းရှေ့နေ (စဉ်-၅၈၈၃၄/၂၆-၅-၂၀၁၇)**

အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၄၂၀၁၂၂၇၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဝက်စုခြံလမ်း၊ အမှတ် (၆၆) ဘီ (ဒါဘာ) (အလျား ၁၅ပေ x အနံ ၄၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ ဦးခင်စိန် [၁၂/လမန(နိုင်)၀၈၇၄၁၀]မှ မိမိကသာ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါတိုက်ခန်းကို အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ တစ်စုတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ရဲမင်းသူ (LL.B, D.B.L)

အထက်တန်းရှေ့နေ(စဉ်-၄၇၉၇၃)

အမှတ်-၂၃၁၊ သမိုင်းဘူတာရုံလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၅၂၈၇၀၃၄

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း



၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိုဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၃၉. ၀၀	၇၂၀ ဆူ	၄၂၃ ဆူ	၂၉၇ ဆူ
၂။	သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၄၀၀၀၀	၁ လုံး	၁၃၀၀၀ သိန်း	၂၇၀၀၀ သိန်း
၃။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၄။	High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်)	၄၉၄. ၀၀	၉ တိုင်	၁ တိုင်	၈ တိုင်
၅။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၈ ခန်း	၁၉၂ ခန်း
၆။	မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၅၈ ခန်း	၃၉၇ ခန်း
၇။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၁၅. ၀၀	၅၀ တိုင်	၄၁ တိုင်	၉ တိုင်
၈။	လမ်းမီးတိုင်(၉ မီတာ (၁) တိုင်)	၁၀. ၀၀	၁၈၀ တိုင်	၁၈၀ တိုင်	-
၉။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၁၄ ခု	၅၃၈ ခု
၁၀။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၄. ၇၀	၂၁၁၉. ၅၃ ကျင်း	၆၀ ကျင်း	၂၀၅၉. ၅၃ ကျင်း
၁၁။	မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု)	၄. ၁၀	၂၁၈. ၁၄ ကျင်း	၂၄ ကျင်း	၁၉၄. ၁၄ ကျင်း
၁၂။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၃. ၆၀	၅၉၁၀. ၆၆ ကျင်း	၁၈ ကျင်း	၅၈၉၂. ၆၆ ကျင်း
၁၃။	ကြွေပြား ၁ ကျင်း	၂. ၀၀	၁၇၃၆. ၀၈ ကျင်း	၁၂၈ ကျင်း	၁၆၀၈. ၀၈ ကျင်း
၁၄။	မုစလိန္ဒအိုင်	၁၀၅၁၉. ၀၀	၁	၁၅၀၀ သိန်း	၉၀၁၉ သိန်း
	(က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ)	၃၅၃၆. ၀၀	၁ ခု	-	၁ ခု
	(ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ)၁၆၂၄. ၀၀		၁ ကန်	-	၁ ကန်
	(ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း	၉၁၇. ၀၀	၁ ခု	-	၁ ခု
	(ဃ) ရေကန်အပြင်ပတ်လမ်းဘေးလေ့ကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း	၁၀၀၈. ၀၀	၁ ခု	-	၁ ခု
	(င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း)	၇၀၃. ၀၀	၇၄ တိုင်	-	၇၄ တိုင်
၁၅။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၁၉၃. ၀၀	၈၂ ခု	-	၈၂ ခု
၁၆။	ပဋ္ဌကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၁၂. ၀၀	၅၂ စုံ	၁၄၄ စုံ	၃၅၆ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြေတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၇၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၀၂၀၀၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၂၅၁

အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

ပဋ္ဌကတ်ကျောက်စာမမွေစေတီတော်

စဉ်	အမည်	မြို့	အလှူငွေ (ကျပ်)
၃၀၆၀။	နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းအမှုထမ်းများ	နေပြည်တော် (မမွေစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
၃၀၆၁။	နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန	နေပြည်တော် (မမွေစေတီတော်-၁ ဆူ တတိယအကြိမ်)	၅၀၀၀၀၀၀
၃၀၆၂။	နှစ်ဖက်သောမိဘများအားအမှုထားရှိ ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်နှင့်ဇနီးဒေါ်မြင့်မြတ်မြတ်စိုးမိသားစု	နေပြည်တော် (မမွေစေတီတော်-၁ ဆူ ဒုတိယအကြိမ်)	၁၀၀၀၀၀၀
